ကြေးမုံ
The Mirror
၁၃၇၃ ခုနှစ်၊ တန်ခူးလဆန်း ၁၂ ရက်၊ အင်္ဂါနေ့ (3-4-2012) (၇၀၈၄)

ဒို့တာဝန်အရေးသုံးပါး

- ☆ ပြည်ထောင်စု မပြိုကွဲရေး။
- ☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။
- ☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

လယ်ယာမြေဥပဒေ ပြဋ္ဌာန်း

လယ်ယာမြေဥပဒေ
(၂၀၁၂ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁၁။)
၁၃၇၃ ခုနှစ်၊ တန်ခူးလဆန်း ၈ ရက်
(၂၀၁၂ ခုနှစ်၊ မတ်လ ၃၀ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

အခန်း(၁)
အမည်၊ စတင်အာဏာတည်ခြင်းနှင့် အဓိပ္ပာယ်ဖွင့်ဆိုချက်များ

၁။ ဤဥပဒေကို လယ်ယာမြေဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေသည် နိုင်ငံတော်သမ္မတက အမိန့်ကြော်ငြာစာဖြင့် သတ်မှတ်သည့် နေ့ရက်တွင် စတင်အာဏာတည်ရမည်။

၃။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **လယ်ယာမြေ** ဆိုသည်မှာ လယ်မြေ၊ ယာမြေ၊ ကိုင်းကျွန်းမြေ၊ တောင်ယာမြေ၊ နှစ်ရှည်ပင်စိုက်ပျိုးသောမြေ၊ ဓနိမြေ၊ ဥယျာဉ်မြေ ဟုသော်လည်းကောင်း၊ ဟင်းသီးဟင်းရွက်၊ ပန်းမန်စိုက်ပျိုးသည့် ခြံမြေ ဟုသော်လည်းကောင်း၊ မြေနုကျွန်းမြေ ဟုသော်လည်းကောင်း သတ်မှတ်သည့်မြေများကို ဆိုသည်။ ယင်းစကားရပ်တွင် မြို့နယ်နိမိတ်၊ ကျေးရွာနယ်နိမိတ်အတွင်းရှိ လူနေအိမ်ရာများ၊ ဘာသာရေးအဆောက်အအုံနှင့် ပရဝဏ်များ၊ အများပိုင်ဆိုင်၍ စိုက်ပျိုးရေးအတွက် အသုံးမပြုသောမြေများမပါဝင်။

(ခ) **လယ်မြေ** ဆိုသည်မှာ သဘာဝအရသော်လည်းကောင်း၊ လူတို့ဖန်တီးသော နည်းလမ်းအရသော်လည်းကောင်း စိုက်ပျိုးရေရယူပြီး ရေထိန်းသိမ်းနိုင်စေရန် ဆောင်ရွက်ထားသည့် စပါးသီးနှံအဓိကစိုက်ပျိုးသော မြေကိုဆိုသည်။

(ဂ) **မြေနုကျွန်းမြေ** ဆိုသည်မှာ ရေအောက်သို့နှစ်မြုပ်ခဲ့ပြီး နှစ်စဉ်ရေကြောင်းအနေအထားအရ မြေသားနှင့်ပုံသဏ္ဌာန်ပြောင်းလဲသည့် ခိုင်မြဲမှုမရှိသော မြေကိုဆိုသည်။

(ဃ) **လယ်ယာမြေလုပ်ပိုင်ခွင့်** ဆိုသည်မှာ နိုင်ငံတော်သည် မြေယာအားလုံး၏ ပင်ရင်းပိုင်ရှင်ဖြစ်၍ လယ်ယာမြေကို စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားစေရန်အလို့ငှာ ဤဥပဒေ၊ ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ လက်ဝယ်ထားရှိ၍ စိုက်ပျိုးလုပ်ကိုင်အသုံးချခွင့် ပြုခြင်းကိုဆိုသည်။ သို့ရာတွင် မြေပေါ်မြေအောက်ရှိ ကျောက်မျက်၊ သတ္တု၊ ရေနံနှင့် ဓာတ်ငွေ့ စသည့် သဘာဝသယံဇာတများ ထုတ်ယူအသုံးချခွင့်မပါဝင်။

(င) **တောင်သူလယ်သမား** ဆိုသည်မှာ အောက်ဖော်ပြပါ တစ်ရပ်ရပ်နှင့် ကိုက်ညီသူကို ဆိုသည် -

(၁) မြေကိုအသုံးပြု၍ စိုက်ပျိုးရေးလုပ်ငန်း သို့မဟုတ် မွေးမြူရေးလုပ်ငန်း သို့မဟုတ် လုပ်ငန်းနှစ်ရပ်စလုံးကို မိမိ၏ အဓိကအသက်မွေးဝမ်းကျောင်းအဖြစ် မိမိကိုယ်တိုင်လုပ်ကိုင်သူ သို့မဟုတ် မိမိကိုယ်တိုင်အစဉ်တစိုက်လုပ်ကိုင်ခဲ့သူ၊

(၂) ဆိုင်ရာနှစ်တွင် မြေကိုအသုံးပြု၍ စိုက်ပျိုးရေးလုပ်ငန်း သို့မဟုတ် မွေးမြူရေးလုပ်ငန်း သို့မဟုတ် လုပ်ငန်းနှစ်ရပ်လုံးကို မိမိ၏ အဓိကအသက်မွေးဝမ်းကျောင်းအဖြစ် လုပ်ငန်းလုပ်ကိုင်ချိန်တစ်လျှောက်လုံး ကိုယ်တိုင်ကြီးကြပ်လုပ်ကိုင်သူ၊

(၃) မြေကိုအသုံးပြု၍ ရာသီသီးနှံ၊ ဥယျာဉ်ခြံသီးနှံ၊ နှစ်ရှည်သီးနှံများ စိုက်ပျိုးထုတ်လုပ်ရန် သို့မဟုတ် စီးပွားဖြစ် မွေးမြူရေးလုပ်ငန်းကို **စာမျက်နှာ ၈ ကော်လံ ၁ သို့** ☆

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်
အကြိမ်(၂၀)မြောက် အာဆီယံထိပ်သီးဆွေးနွေးပွဲတက်ရောက်ရန် ကမ္ဘောဒီးယားနိုင်ငံသို့ ထွက်ခွာ

နေပြည်တော် ဧပြီ ၂

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့၌ ကျင်းပမည့် အကြိမ်(၂၀)မြောက် အာဆီယံထိပ်သီးဆွေးနွေးပွဲသို့ တက်ရောက်ရန် အဖွဲ့ဝင်များ လိုက်ပါလျက် ယနေ့နံနက် ၉ နာရီတွင် အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်း အထူးလေယာဉ်ဖြင့် နေပြည်တော်မှ ထွက်ခွာသွားသည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ဝင်များအား ဒုတိယသမ္မတ သီဟသူရ ဦးတင်အောင်မြင့်ဦး၊ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ဒုတိယတပ်မတော် ကာကွယ်ရေး **စာမျက်နှာ ၃ ကော်လံ ၁ သို့** ❐

ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့၌ ကျင်းပမည့် အကြိမ် (၂၀) မြောက် အာဆီယံထိပ်သီးဆွေးနွေးပွဲသို့ တက်ရောက်ရန် ထွက်ခွာသွားသည့် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် အဖွဲ့ဝင်များအား ဒုတိယသမ္မတ သီဟသူရ ဦးတင်အောင်မြင့်ဦး၊ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် တာဝန်ရှိသူများက နေပြည်တော် လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြစဉ်။ (သတင်းစဉ်)

ေ ကြ း မုံ စ ာ တ ည် း ရှ ေ ထ ာ င့် ၃-၄-၂၀၁၂[အင်္ဂါနေ့]။

ပညာတတ်လယ်သမား

ပညာမတတ်၍ လယ်လုပ်ခြင်းထက် ပညာတတ်လယ်လုပ်ခြင်းက လယ်ယာလုပ်ငန်း မြန်မြန်ဆန်ဆန် ဖွံ့ဖြိုးမည့်လမ်းပွင့်နိုင်သည်။ ထို့ကြောင့် လယ်ယာလုပ်ငန်းခွင်၌ အတွေးအခေါ် ဟောင်းပျောက်ပြီး အတွေးအခေါ်သစ် လွှမ်း၍ တစ်ခေတ်ဆန်းစေရန် လုပ်နည်းစနစ်များ ပြောင်းလဲရပေမည်။ ပြောင်းလဲရာတွင် တစ်ဖက်၌ ရေရှည်နည်းအရ စိုက်ပျိုးရေးပညာအခြေခံ ရစေရန် အခြေခံကျောင်းများမှ စတင်သင်ကြားပေးသကဲ့သို့ အခြားတစ်ဖက်တွင် ရေတိုနည်းဖြင့် စိုက်ပျိုးရေးပညာသင်ယူနိုင်ရေးကို စဉ်းစားဖော်ဆောင်ပေးကြရမည်။

လယ်ယာသီးနှံကို တစိုက်မတ်မတ်ထုတ်လုပ်သော လယ်သမားတစ်ဦးသည် မြေဆီလွှာ၊ မျိုး၊ ပေါင်းမြက်၊ ဖျက်ပိုး၊ ခေတ်မီစိုက်နည်းစနစ်၊ ပိုးသတ်ဆေး၊ အားဆေး၊ သဘာဝမြေသြဇာ၊ ဓာတ်မြေသြဇာ ထားသိုသုံးစွဲနည်းများ၊ မျိုးစေ့ထုတ်လုပ်နည်း၊ ရာသီဥတုခန့်မှန်းနည်း၊ လုပ်ငန်းခွင်အတွင်း သုတေသနပြုနည်း စသည့်မြောက်မြားစွာသောအကြောင်းများကို ရင်းနှီးကျွမ်းဝင်တတ်မြောက်နေရပေမည်။

ထိုထိုသောပညာများကို အိမ်၌နေရင်း သင်ယူနိုင်သည့်အခွင့်အလမ်းကို ဖန်တီးပေးကြရမည်။ ထိုနည်းမှာလည်း ခက်လှသည်မဟုတ်ပါ။ ယနေ့တောင်သူလယ်သမားများအပါအဝင်ဖြစ်သော ပြည်သူပြည်သားများ၌ စွဲကပ်နေသော ညအချိန်ဖြုန်းတီးနေမှုကို ခေါင်းစဉ်ပြောင်းပေးရမည်။ အများစုသည် ညအခါ၌ အခွေများကြည့်ပြီး အချိန်ကုန်တတ်ကြသည်။ ယင်းကို အသုံးချပြီး စိုက်ပျိုးရေးနည်းပညာ၊ ကျန်းမာရေးပညာ၊ သိပ္ပံနည်းပညာ စသည်တို့နှင့် ပတ်သက်သည့် စိတ်ဝင်စားဖွယ်ထုတ်လုပ်သောအခွေများ ဈေးကွက်အတွင်းသို့ ပို့ပေးရမည်။ ဥပမာ- ပုလဲသွယ်စပ်မျိုးစပါးစံပြစိုက်ခင်းကို လယ်သမားများအား ခေါ်ယူပြသသည့်အစီအစဉ်မျိုးကို ဆိုလိုပါသည်။

ယုတ်စွအဆုံး အီလက်ထရွန်နစ်ပစ္စည်းများ ကိုင်တွယ်အသုံးပြုပုံ စသည်အထိပင် အခွေများထုတ်လုပ်နိုင်သည်။ လက်ကိုင်ဖုန်းများ၌ ထည့်သွင်းတည်ဆောက်ထားသော စနစ်အားလုံးကို အသုံးပြုတတ်သူ နည်းသည်။ ကျွမ်းကျွမ်းကျင်ကျင်ရှိသူ နည်းသည်။

နည်းပညာအခွေများထုတ်လုပ်ပေးခြင်းသည် အိမ်တိုင်ရာရောက် သဘောပေါက်အောင် ရှင်းလင်းပြသခြင်း၊ သင်ပေးခြင်းပင်ဖြစ်သည်။ တစ်ကြိမ်မက ထပ်ကြည့်နိုင်သဖြင့် မှတ်မိလာကြမည်။ တတ်မြောက်လာကြမည်။

ဤပညာပေးအစီအစဉ်ကြောင့် အခွေထုတ်လုပ်သည့်လုပ်ငန်းရှင်များ အကျိုးရှိ၍ တောင်သူလယ်သမားများအပါအဝင် ပြည်သူပြည်သားများ ပညာရကြမည်။ ကလေးများပင် တွေ့ဖန်များ၍ နားရည်ဝလာကြပေမည်။

တောင်သူလယ်သမားများသည် အခွေများဖြင့် လေ့လာသင်ယူပါက ကျောင်းပညာငယ်သော်လည်း သုတကြွယ်ဝလျက် လယ်ယာကဏ္ဍဖွံ့ဖြိုးရေး ဆောင်ရွက်ရာ၌ အထောက်အပံ့ကောင်းရလာကြမည်မှာ သေချာလှပေသည်။

သို့ဖြစ်၍ တောင်သူလယ်သမားများအပါအဝင် ပြည်သူပြည်သားများ အသိအတတ်ပညာအဆင့်မီရေးကို ရှေးရှု၍ နိုင်ငံတော်၏ကြီးကြပ်မှုဖြင့် လုပ်ငန်းရှင်များက အကောင်အထည်ဖော်သင့်ကြောင်း ရှုမြင်ပါသည်။ ။

အင်းလေးကန်ထိန်းသိမ်းကာကွယ်ရေးနှင့် ပြန်လည်ထူထောင်ရေး စီမံကိန်းစတင်ခြင်းအလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

နေပြည်တော် ဧပြီ ၂

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန သစ်တောဦးစီးဌာနနှင့် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (UNDP)တို့ ပူးပေါင်းကျင်းပသော "အင်းလေးကန် ထိန်းသိမ်းကာကွယ်ရေးနှင့် ပြန်လည်ထူထောင်ရေးစီမံကိန်း စတင်ခြင်းအလုပ်ရုံဆွေးနွေးပွဲ" ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် သစ်တောဦးစီးဌာနရုံးချုပ် အင်ကြင်းခန်းမ၌ကျင်းပရာ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းက အမှာစကားပြောကြားရာတွင် အင်းလေးကန်သည် မြန်မာနိုင်ငံ၏ ဒုတိယအကြီးဆုံး ကုန်းတွင်းရေချိုရေအိုင်တစ်ခုဖြစ်ပြီး ထူးခြားသည့်ပထဝီဘူမိသွင်ပြင်၊ ထူးခြားသည့်လူမျိုးစုဓလေ့နှင့် ဘာသာရေးဆိုင်ရာအဆောက်အအုံများရှိခြင်း၊ လောပိတ ဓာတ်အားပေးစက်ရုံ၏ ရေအရင်းအမြစ်ဖြစ်ခြင်း၊ အာဆီယံအမွေအနှစ်ဉယျာဉ် ခြောက်ခုအနက် တစ်ခုအပါအဝင်ဖြစ်သည့် သဘာဝထိန်းသိမ်းရေးနယ်မြေတစ်ခု ဖြစ်ခြင်းတို့ကြောင့် ပြည်တွင်း ပြည်ပ ခရီးသွားဧည့်သည်များ နှစ်စဉ်လာရောက် အပန်းဖြေလည်ပတ်ရာ နေရာဒေသတစ်ခုဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရ၏မူဝါဒအရ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးသည် အဓိကကျသော ဦးစားပေးလုပ်ငန်းတစ်ရပ်ဖြစ်ပြီး အင်းလေးကန်နှင့် အင်းလေးကန် ရေဝေရေလဲဒေသများကို ကာကွယ်ထိန်းသိမ်းခြင်းသည် ဆင်းရဲမှုလျှော့ချခြင်းလုပ်ငန်းစဉ်တစ်ရပ်ဖြစ်သဖြင့် အင်းလေးကန်ထိန်းသိမ်းရေးနှင့် ပြန်လည်ထူထောင်ရေးစီမံကိန်းသည် မြန်မာလူမျိုးတို့အတွက် မဖြစ်မနေဆောင်ရွက်ရမည့် လုပ်ငန်းတစ်ရပ်ဖြစ်ကြောင်း။

၂၀၁၀ခုနှစ်က မြန်မာနိုင်ငံအချို့ဒေသများ၌ အပူချိန်ပြင်းထန်ပြီး ပုံမှန်မဟုတ်သော မိုးခေါင်ရေရှားမှု ဖြစ်ပေါ်ခဲ့ရာ အင်းလေးကန်သည်လည်း ရာသီဥတု ဖောက်ပြန်ပြောင်းလဲမှုဆိုးကျိုးကို ပြင်းထန်စွာကြုံတွေ့ခဲ့ရပြီး နှစ်(၅၀)အတွင်း အနိမ့်ဆုံးရေမှတ်သို့ရောက်ရှိကာ အင်းလေးကန်စပ်နေရာအချို့ လုံးဝခန်းခြောက်သွားခဲ့ရကြောင်း၊ ထိုအခြေအနေသည် အင်းလေးကန်နှင့်ပတ်သက်ပြီး အချိန်မီ ထိန်းသိမ်းကာကွယ်ရန်နှင့် ပြန်လည်ထူထောင်ရန် တပ်လှန့်နှိုးဆော်သကဲ့သို့ဖြစ်ခဲ့ရကြောင်း။

ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနအနေဖြင့် အင်းလေးကန် ရေရှည်တည်တံ့ရေးနှင့် သဘာဝပတ်ဝန်းကျင်အခြေအနေများ ထိန်းသိမ်းရေး ငါးနှစ်စီမံချက်ကို ၂၀၁၀ခုနှစ်မှ ၂၀၁၄ခုနှစ်အထိ အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပြီး ဒေသခံပြည်သူများ ပူးပေါင်းပါဝင်ဆောင်ရွက်လာစေမည့် နည်းလမ်းများ၊ သီးနှံသစ်တော ရောနှောစိုက်ပျိုးသည့် နည်းလမ်းများ၊ ဝင်ငွေတိုးလုပ်ငန်းများ ရှာဖွေဖော်ထုတ် ဆောင်ရွက်သွားမည့်အပြင် ဒေသခံပြည်သူများကိုယ်တိုင်ပါဝင်သော ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောများကိုလည်း နိုင်ငံတော်၏ မူဝါဒနှင့်အညီ သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် အပြည်ပြည်ဆိုင်ရာ နည်းပညာအထောက်အပံ့တို့ကို ဖိတ်ခေါ်၍လည်း ပူးပေါင်းဆောင်ရွက်လျက် ရှိပါကြောင်း။

အင်းလေးကန် ရေရှည်တည်တံ့ရေးလုပ်ငန်းများ အောင်မြင်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ဆက်စပ်ဝန်ကြီးဌာနများ၊ ဒေသခံအုပ်ချုပ်ရေးအဖွဲ့များ၊ ဒေသခံပြည်သူများပါဝင်သော အင်းလေးကန် ရေရှည်တည်တံ့ရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီကိုလည်း နိုင်ငံတော်အဆင့် ဖွဲ့စည်းပေးထားပြီးဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ကုလသမဂ္ဂဖွံ့ဖြိုးမှု အစီအစဉ် ဌာနေကိုယ်စားလှယ် Mr. Ashok Kumar Nigam က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး မြန်မာနိုင်ငံဆိုင်ရာ နော်ဝေနိုင်ငံသံအမတ်ကြီး H.E. Mrs. Katja Christina Nordgaard က အလုပ်ရုံဆွေးနွေးပွဲကျင်းပရသည့် အဓိကအကြောင်းရင်းများကို ပြောကြားသည်။

အလုပ်ရုံဆွေးနွေးပွဲတွင် စာတမ်းသုံးစောင်ကိုဖတ်ကြားပြီး အသေးစိတ်ဆွေးနွေးကြမည်ဖြစ်သည်။ အလုပ်ရုံဆွေးနွေးပွဲကို ဧပြီ ၃ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်းသိရသည်။

(သတင်းစဉ်)

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်း အင်းလေးကန်ထိန်းသိမ်းကာကွယ်ရေးနှင့် ပြန်လည်ထူထောင်ရေး စီမံကိန်း စတင်ခြင်းအလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၃-၄-၂၀၁၂ (အင်္ဂါနေ့)

၇း၀၅	တရားတော်
၇း၁၅	ဓမ္မပူဇာတေး
၈း၁၅	မြန်မာသကြင်္န်
၄း၄၅	အင်္ဂလိပ်စာသုတ
၅း၁၅	သာယာသီကြွေး ခေတ်ဆန်းတေး
၅း၂၀	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ဟာသလွှင်ပြင် (အပိုင်း-၉၄)**
၆း၁၀	မြန်မာသကြင်္န်
၆း၂၅	Guide for You
၆း၃၀	အောင်မြင်ခြင်းလမ်းမ
၇း၀၀	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ထောင်စုနှစ်သမီးပျို (အပိုင်း-၄)**
၈း၀၀	မြဝတီရုပ်မြင်သံကြားသတင်း -မွေးမြူသုတ -ဟာသရုပ်စုံ -ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင် **-ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "တမလွန်မှပြောသောစကား" (အပိုင်း-၈)** -Mini Series

အခွန်ဆိုင်ရာကိစ္စရပ်များ ရှင်းလင်း

နေပြည်တော် ဧပြီ ၂

ချင်းပြည်နယ် ပြည်တွင်းအခွန်များဦးစီးဌာန အခွန်ဆိုင်ရာကိစ္စရပ်များ ရှင်းလင်းပွဲကို မတ် ၂၈ ရက် နံနက် ၁၀ နာရီခွဲတွင် ဟားခါးမြို့နယ် အခွန်ဦးစီးဌာနမှူးရုံး၌ ကျင်းပရာ ပြည်နယ်ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီး ဦးနန်ဇမုန်၊ ပြည်နယ်အခွန်ဦးစီးဌာနမှူး ဦးစိုးညွှန့်၊ မြို့နယ်အခွန်ဦးစီးဌာနမှူး ဦးငွန်သောင်း၊ ဌာနဆိုင်ရာများ၊ ကုန်သည်များနှင့် လုပ်ငန်းရှင်များတက်ရောက်ကြပြီး ပြည်နယ်ဝန်ကြီးက အမှာစကားပြောကြားကာ ပြည်နယ်နှင့် မြို့နယ်အခွန်ဦးစီးဌာနမှူးတို့က အခွန်ဆိုင်ရာကိစ္စရပ်များကို ရှင်းလင်းတင်ပြခဲ့ကြကြောင်း သိရသည်။ (သတင်းစဉ်)

3D နည်းပညာသုံးပစ္စည်း လူကြိုက်များ

ရန်ကုန် ဧပြီ ၂

3D နည်းပညာသည် မျက်မှောက်ကာလတွင် တွင်ကျယ်ခေတ်စားလာသည်။ 3D မှာ သုံးဖက်မြင်ရုပ်ပုံလွှာ ဖြစ်သည်။ ကြည့်ရှုသူများအဖို့ အမြင်ဆန်းပြီး သက်ဝင်လှုပ်ရှားစိတ်နှလုံးဘဝင်ကို လှုပ်ရှားရိုက်ခတ်မှုဖြစ်စေသည်။ ယခင်က ဗီဒီယို၊ ဗွီစီဒီတို့သာ ကြည့်ရှုခဲ့ရရာမှ ယခုအခါ ဒီဗွီဒီ၊ အယ်လ်အီးဒီတို့ကို ကြည့်ရှုကြပြီးနောက် ထို့ထက်အဆင့်မြင့်သော 3D နည်းပညာသုံး Electronic ကို ပိုမိုစိတ်ဝင်စားလာကြသည်။

ထိုပစ္စည်းများတွင် ကိုရီးယားနိုင်ငံထုတ် LG မှ ရုပ်ရှင် 3D Smart TV နှင့် 3D Game များမှာ လူကြိုက်များသောပစ္စည်းများဖြစ်ပြီး TMW ကုမ္ပဏီမှ အများဆုံး တင်သွင်းရောင်းချလျက်ရှိသည်။ ၂၀၁၂ ခုနှစ်ထုတ် 3D လျှပ်စစ်ပစ္စည်းအသစ်များ တင်ပြခြင်းနှင့် ဂုဏ်ပြုပွဲအခမ်းအနားကို ရန်ကုန်မြို့ ကုန်သည်ကြီးများဟိုတယ်၌ TMW က ကျင်းပခဲ့ရာ တက်ရောက်လာကြသူများက စိတ်ဝင်တစားလေ့လာခဲ့ကြောင်း သိရသည်။ (ကြေးမုံ)

မတ် ၂၃ ရက်က ပုဂ္ဂလိကအသေးစားချေးငွေများ ထုတ်ချေးပေးအပ်ပွဲကို အင်းစိန်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး မြို့နယ်ငွေစုငွေချေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးတင်နိုင်စိုးက ရပ်ကွက် ၁၅ ရပ်ကွက်ရှိ ငွေစုငွေချေးအဖွဲ့ခေါင်းဆောင်များကို ချေးငွေများ ထုတ်ချေးစဉ်။ (၆၈၄)

အမေရိကန်ဒေါ်လာနှင့် နိုင်ငံတကာငွေကြေးများလဲလှယ်နှုန်း

၂ - ၄ -၂၀၁၂

ငွေကြေးစနစ်	တစ်ဒေါ်လာလျှင်ယူနစ်	တစ်ယူနစ်လျှင်ဒေါ်လာ
မြန်မာ(ကျပ်)	၈၁၈. ၀၀၀	၀. ၀၀၁၂၂
ထိုင်း (ဘတ်)	၃၀. ၈၄၅၀	၀. ၀၃၂၄၂
တရုတ် (ယွမ်)	၆. ၂၉၅၈၅	၀. ၁၅၈၈၃
အိန္ဒိယ (ရူပီး)	၅၀. ၈၇၉၂	၀. ၀၁၉၆၅
မလေးရှား (ရင်းဂစ်)	၃. ၀၆၆၀၀	၀. ၃၂၆၁၆
စင်ကာပူ (ဒေါ်လာ)	၁. ၂၅၆၀၆	၀. ၇၉၆၁၄
ဂျပန် (ယန်း)	၈၂. ၁၉၅၈	၀. ၀၁၂၁၇
တောင်ကိုရီးယား(ဝမ်)	၁၁၂၈. ၂၀	၀. ၀၀၀၈၉
ယူရို	၀. ၇၅၂၈၁	၁. ၃၂၈၃၅
ဗြိတိသျှ (ပေါင်)	၀. ၆၂၄၈၀	၁. ၆၀၀၅၁

အင်တာနက်။

မြောက်ဥက္ကလာပမြို့နယ်လုံးဆိုင်ရာ ဖြူစင်မေတ္တာနာရေးကူညီမှုအသင်း ရန်ပုံငွေအတွက် အလှူငွေကျပ် ၁၀ သိန်းကို မတ် ၂၀ ရက်တွင် မြောက်ဥက္ကလာပမြို့နယ်နေ မုံရွာဆရာမိုး+(ဒေါ်သိန်းမှီ)၊ သား ဗိုလ်ကြီးကျော်ကိုကိုရှိန်း၊ သမီး မမိုးပြည့်ပြည့်ဖြိုး၊ မြေး မောင်ကျော်ကိုကိုဆက်နိုင်၊ မောင်သုဝေယံရှိန်းနှင့် မုံရွာဆရာမိုးတိုင်းရင်းဆေးဝါးထုတ်လုပ်ရေး မိသားစုတို့က ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

❐ပြည်ထောင်စုသမ္မတမှ

ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီးစိုးဝင်း၊ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကိုကို၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်၊ သမဝါယမဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်၊ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်း၊ အလုပ်သမားဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် မြန်မာနိုင်ငံဆိုင်ရာ ကမ္ဘောဒီးယားနိုင်ငံသံရုံးမှ ပထမအတွင်းဝန် Mrs. Tuot Kunthea တို့က နေပြည်တော်လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

လိုက်ပါ

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့တွင် အဖွဲ့ဝင်များအဖြစ် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမျိုးမြင့်၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်နှင့် ဌာနဆိုင်ရာအဆင့်မြင့်အရာရှိကြီးများ လိုက်ပါသွားကြသည်။

အဖွဲ့ဝင်များဖြစ်ကြသည့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းနှင့် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းတို့သည် ကမ္ဘောဒီးယားနိုင်ငံသို့ ကြိုတင်ထွက်ခွာသွားကြပြီးဖြစ်သည်။ (သတင်းစဉ်)

☆ ကျောဖုံးမှ

စဉ်	အမည်	မှတ်ပုံတင်အမှတ်	မဲဆန္ဒနယ်	ကိုယ်စားပြုပါတီ/တစ်သီးပုဂ္ဂလ
ပဲခူးတိုင်းဒေသကြီး				
(၈)	ဦးအောင်စိုးမြင့်	၇/တငန(နိုင်)၀၀၉၅၁၅	တောင်ငူ	အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်
(၉)	ဦးစိန်ထွန်း	၉/၀တန(နိုင်)၀၈၁၀၇၄	ထန်းတပင်	အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်
(၁၀)	ဦးကျော်မင်း	၇/လပတ(နိုင်)၀၂၆၆၀၇	လက်ပံတန်း	အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်
(၁၁)	ဦးမြင့်ဦး	၇/သနပ(နိုင်)၀၅၁၁၂၃	သနပ်ပင်	အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်
မကွေးတိုင်းဒေသကြီး				
(၁၂)	ဦးပိုက်ကို	၈/ပခက(နိုင်)၀၁၇၁၁၁	ပခုက္ကူ	အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်
(၁၃)	ဒေါက်တာအောင်မိုးညို	၈/ပဖန(နိုင်)၀၀၄၅၇၃	ပွင့်ဖြူ	အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်
(၁၄)	ဦးမြင့်သိန်း	၈/ခမန(နိုင်)၀၀၅၆၃၇	မကွေး	အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်
(၁၅)	ဦးမြင့်အောင်	၈/မမန(နိုင်)၀၁၃၁၄၆	မြိုင်	အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်
(၁၆)	ဦးတိုးရွှေ(ခ) ဦးတင်ဌေးအောင်	၈/ရစက(နိုင်)၀၀၅၂၄၉	ရေစကြို	အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်
မန္တလေးတိုင်းဒေသကြီး				
(၁၇)	ဒေါ်ခင်သန္တာ	၉/တတဉ(နိုင်)၀၇၅၃၅၈	တံတားဦး	အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်
(၁၈)	ဒေါက်တာ ဇော်မြင့်မောင်	၉/အမရ(နိုင်)၀၅၉၄၉၀	ကျောက်ပန်းတောင်း	အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်
(၁၉)	ဦးပေါ်ခင်	၉/မခန(နိုင်)၀၂၅၀၆၃	နွားထိုးကြီး	အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်
(၂၀)	ဦးအုန်းကြိုင်	၁၂/သဃက(နိုင်)၀၁၂၄၅၃	မဟာအောင်မြေ	အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်
(၂၁)	ဦးဝင်းထိန်	၁၂/အစန(နိုင်)၁၆၈၉၆၃	မိတ္ထီလာ	အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်
(၂၂)	ဦးကျော်သီဟ	၉/မမန(နိုင်)၀၇၇၉၉၃	ပြင်ဦးလွင်	အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်
မွန်ပြည်နယ်				
(၂၃)	ဒေါ်ခင်ဌေးကြွယ်	၁၀/ခဆန(နိုင်)၀၁၅၃၃၉	မော်လမြိုင်	အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်
ရန်ကုန်တိုင်းဒေသကြီး				
(၂၄)	ဒေါ်အောင်ဆန်းစုကြည်	CE-၀၇၃၉၆၆	ကော့မှူး	အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်
(၂၅)	ဒေါ်ဖြူဖြူသင်း	၁၂/ဥကတ(နိုင်)၁၀၈၈၅၀	မင်္ဂလာတောင်ညွန့်	အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်
(၂၆)	ဒေါက်တာမေဝင်းမြင့်	၁၂/မရက(နိုင်)၀၁၀၂၇၅	မရမ်းကုန်း	အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်
(၂၇)	ဦးဖြိုးမင်းသိန်း	၁၂/ဒဂတ(နိုင်)၀၅၈၅၇၈	လှည်းကူး	အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်
(၂၈)	ဒေါက်တာမျိုးအောင်	၁၂/ဒဂမ(နိုင်)၀၀၈၆၂၀	ဒဂုံမြို့သစ်(ဆိပ်ကမ်း)	အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်
(၂၉)	ဒေါ်စုစုလွင်	၁၂/ဗဟန(နိုင်)၀၅၅၀၉၄	သုံးခွ	အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်
ရှမ်းပြည်နယ်				
(၃၀)	ဒေါက်တာဒေါ်သန်းငွေ	၁၃/တကန(နိုင်)၀၁၀၅၂၉	ကလော	အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်
ဧရာဝတီတိုင်းဒေသကြီး				
(၃၁)	ဦးဝင်းမြင့်	၁၄/နေဖ(နိုင်)၀၀၆၃၄၈	ပုသိမ်	အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်
(၃၂)	ဦးစိန်ဝင်း	၁၃/နစန(နိုင်)၀၀၂၂၆၄	မအူပင်	အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်
(၃၃)	ဦးမန်းဂျော်နီ	၁၄/ကပန(နိုင်)၀၀၉၀၆၈	မြောင်းမြ	အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်
(၃၄)	ဦးကျော်မြင့်	၁၄/ဇလန(နိုင်)၀၃၈၂၄၄	မြန်အောင်	အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်
(၃၅)	ဒေါ်မြင့်မြင့်စန်း	၁၂/လမတ(နိုင်)၀၁၂၂၁၂	ဝါးခယ်မ	အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်

(ပုံ) တင်အေး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမည်စာရင်း ကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
နေပြည်တော်

ကြေညာချက်အမှတ် (၁၈/၂၀၁၂)
၁၃၇၃ ခုနှစ်၊ တန်ခူးလဆန်း ၁၁ ရက်
(၂၀၁၂ ခုနှစ်၊ ဧပြီလ ၂ ရက်)

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမည်စာရင်း ကြေညာခြင်း

၂၀၁၂ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့တွင် ကျင်းပခဲ့သည့် ပထမအကြိမ်အမျိုးသားလွှတ်တော် ကြားဖြတ်ရွေးကောက်ပွဲ၌ အောက်ဖော်ပြပါပုဂ္ဂိုလ်များသည် ရွေးကောက်တင်မြှောက်ခံရသူများဖြစ်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်ကော်မရှင်အဖွဲ့ခွဲတို့က အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၄၉ (ခ)နှင့်အညီ ထုတ်ပြန်ကြေညာချက်များအရ ယင်းပုဂ္ဂိုလ်များသည် ၎င်းတို့နှင့်ယှဉ်တွဲပါ အမျိုးသားလွှတ်တော်မဲဆန္ဒနယ်များ၏ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များဖြစ်ကြောင်း ကြေညာလိုက်သည်-

စဉ်	အမည်	မှတ်ပုံတင်အမှတ်	မဲဆန္ဒနယ်	ကိုယ်စားပြုပါတီ/တစ်သီးပုဂ္ဂလ
ပဲခူးတိုင်းဒေသကြီး				
(၁)	ဦးမင်းဦး	၇/ဖမန(နိုင်)၀၂၃၆၈၂	အမှတ်(၇)	အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်
မကွေးတိုင်းဒေသကြီး				
(၂)	ဦးအောင်ကြည်ညွန့်	၁၀/ခဆန(နိုင်)၀၀၃၁၁၆	အမှတ်(၄)	အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်
ဧရာဝတီတိုင်းဒေသကြီး				
(၃)	ဦးသိန်းဆွေ	၁၄/ဖပန(နိုင်)၀၀၃၇၆၁	အမှတ်(၁၀)	အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်

(ပုံ) တင်အေး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အမည်စာရင်း ကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
နေပြည်တော်

ကြေညာချက်အမှတ် (၁၉/၂၀၁၂)
၁၃၇၃ ခုနှစ်၊ တန်ခူးလဆန်း ၁၁ ရက်
(၂၀၁၂ ခုနှစ်၊ ဧပြီလ ၂ ရက်)

တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အမည်စာရင်း ကြေညာခြင်း

၂၀၁၂ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့တွင် ကျင်းပခဲ့သည့် ပထမအကြိမ် တိုင်းဒေသကြီးလွှတ်တော် ကြားဖြတ်ရွေးကောက်ပွဲ၌ အောက်ဖော်ပြပါပုဂ္ဂိုလ်များသည် ရွေးကောက်တင်မြှောက်ခံရသူများဖြစ်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီးကော်မရှင်အဖွဲ့ခွဲက တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၄၉ (ခ)နှင့်အညီ ထုတ်ပြန်ကြေညာချက်များအရ ယင်းပုဂ္ဂိုလ်များသည် ၎င်းတို့နှင့်ယှဉ်တွဲပါ တိုင်းဒေသကြီးလွှတ်တော်မဲဆန္ဒနယ်များ၏ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များဖြစ်ကြောင်း ကြေညာလိုက်သည်-

စဉ်	အမည်	မှတ်ပုံတင်အမှတ်	မဲဆန္ဒနယ်	ကိုယ်စားပြုပါတီ/တစ်သီးပုဂ္ဂလ
ပဲခူးတိုင်းဒေသကြီး				
(၁)	ဦးမျိုးခိုင်	၇/ကဝန(နိုင်)၀၀၀၄၉၅	ကဝ(၂)	အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်
ဧရာဝတီတိုင်းဒေသကြီး				
(၂)	ဒေါက်တာလှမြတ်သွေး	၁၂/ကတတ(နိုင်)၀၁၄၅၁၇	ရေကြည်(၂)	အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်

(ပုံ) တင်အေး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

တောင်သူများအတွက် ပေါင်းမသင် မြေမဆွ နှစ်စဉ်ဝင်ငွေရသော လဲသီး

ယခုလရာသီတွင် ကျေးလက်နေတောင်သူများအဖို့ ပေါင်းမသင် မြေဆွရန်မလိုဘဲ နှစ်စဉ်ဝင်ငွေရသော ထွက်ကုန်မှာ လဲပင်မှရရှိသော လဲသီးရောင်းရငွေဖြစ်သည်။

ကျေးလက်ဒေသများတွင် လဲပင်**(ယာပုံ)**ကို ခြံအတွင်း၊ ခြံစည်းရိုးနှင့် ယာခရိုးများတွင် အဓိကထားစိုက်ပျိုးကြသည်။ လဲအပုမျိုး၊ လဲအရှည်မျိုးဟူ၍ နှစ်မျိုးရှိသည်ဟုသိရပြီး လဲအပုမျိုးမှာ လဲအရှည်မျိုးထက် အသီးပိုထွက်သည်ဟု သိရသည်။

လဲပင်စိုက်ပျိုးမည်ဆိုပါက လဲပျိုးပင်ပေါက်ကို အနည်းဆုံး ကိုးလမှ တစ်နှစ်ဝန်းကျင်ပျိုးပြီးပါမှ ရွှေ့ပြောင်းစိုက်လျှင် အပင်အဖြစ်မြန်ခြင်း၊ အပင်ကြီးထွားမှုကောင်းခြင်း၊ သဘာဝဘေးအန္တရာယ်ကျရောက်ခြင်းကင်းသည်ဟု သိရသည်။ ကိုင်းချိုး၍ စိုက်လျှင်ရသော်လည်း အပင်အမြစ်တွယ်မှုအားနည်းသောကြောင့် လဲပင်ကိုကိုင်းချိုး၍မစိုက်ဘဲ အပင်ပျိုး၍သာ အစိုက်များကြသည်။

လဲပင်စိုက်သက် သုံးနှစ်အတွင်းတွင် လဲသီးများခူးနိုင်သည်ဟု သိရပြီး လဲပင်တစ်ပင်၏ သက်တမ်းမှာ ၁၀ နှစ်မှ ၁၅ နှစ်ဝန်းကျင်အထိရှိသည်ဟု သိရသည်။

တပေါင်းလနှင့် တန်ခူးလများတွင် လဲသီးများခူးကြသည်။ လဲသီးထွက်နှုန်းမှာ အပင်အကြီး၊ အသေးပေါ်မူတည်၍ ငါးတင်းမှ ၁၅ တင်းခန့် ရရှိနိုင်ပြီး အပင်ကြီးလျှင် အသီး ၁၅ တင်းထက်ပိုသည်ဟု သိရသည်။ လဲသီးတစ်တင်းလျှင် ငွေကျပ် ၁၀၀၀ ဝန်းကျင်ရောင်းချရသည်။ လဲသီးအရောင်းအဝယ်ပြုလုပ်ကြသော ပွဲစားများမှာ လဲစိုက်တောင်သူများထံမှ လဲပင်များကို ပင်ပြတ်ဝယ်ယူကြသည်ဟု သိရသည်။ အပင်အကြီး၊ အသေးနှင့် လဲသီးအထွက်နှုန်းပေါ်မူတည်၍ ဈေးဖြတ်ကာ ပင်ပြတ်၊ ခြံပြတ် ဝယ်ယူကြသည်။ လဲသီးခူးချိန်ရောက်သောအခါ လဲသီးများကို ခူး၍ နေလှန်းပြီး ခြောက်သွေ့သောအခါ အတွင်းမှ လဲမှို့ကို ထုတ်ယူကြသည်။ လဲသီးအတွင်းမှ ထုတ်ယူရရှိသော လဲမှို့ကို ခေါင်းအုံး၊ မွေ့ရာ၊ ဖုံအစရှိသော ပစ္စည်းများတွင် ထည့်သွင်းအသုံးပြုကြသည်။

စုဆောင်းရရှိသော လဲမှို့များကို ဈေးကွက်ရှိရာ ရန်ကုန်၊ မန္တလေး၊ နေပြည်တော်၊ တောင်ကြီးမြို့များသို့ တင်ပို့ရောင်းချကြသည်။

လဲပင်များစိုက်ပျိုးပြီးပါက အပင်ကို ပေါင်းသင်ခြင်း၊ မြေဆွခြင်း၊ ရေလောင်းပေးခြင်းတို့ကို မပြုလုပ်ပေးရသည့်အတွက် တောင်သူများက ပေါင်းမသင် မြေမဆွဘဲ နှစ်စဉ်ဝင်ငွေရသော သစ်ပင်ဟု တင်စားခေါ်ဆိုကြသည်။

(၆၅၄)

အသုံးများသော ဆီးချိုသွေးချိုရောဂါကုသဆေးဝါး အသည်းကင်ဆာရောဂါကိုပါ ကာကွယ်ပေးနိုင်ဟုဆို

ဝါရှင်တန် ဧပြီ ၂

ဆီးချိုသွေးချို အမျိုးအစား-၂ ရောဂါကို ကုသရာတွင် သောက်သုံးနေသော မက်ဖော်မင်(Metformin)ဆေးသည် အသည်းကင်ဆာရောဂါမဖြစ်ရန် ကာကွယ်ပေးနိုင်သည်ဟု မေရီလန်းတက္ကသိုလ်မှ သုတေသနပညာရှင်များက ပြောကြားခဲ့သည်။

အသည်းကင်ဆာ သို့မဟုတ် hepatocellular carcinoma ပုံစံ ကင်ဆာရောဂါကြောင့် ကမ္ဘာတစ်ဝန်း၌ သေဆုံးသူဦးရေ များလာပြီး အမေရိကန်သားအမျိုးသားများကြားတွင် အသည်းကင်ဆာရောဂါကြောင့် သေဆုံးသူဦးရေ တိုးလာသည်။

ဆီးချိုသွေးချို အမျိုးအစား-၂ ရောဂါဖြစ်နေသူများသည် အသည်းကင်ဆာရောဂါဖြစ်နိုင်ဖွယ်အလားအလာမှာ နှစ်ဆမှ သုံးဆကျော်အထိ အခွင့်အလမ်းများပြားလျက်ရှိသည်။ အဝလွန်သူများ သို့မဟုတ် အသည်းရောဂါ၊ အရက်သေစာ သောက်စားမှုကြောင့်မဟုတ်ဘဲ အသည်းအဆီဖုံးနေသော ရောဂါ(အင်န်အေအက်ဖ်အယ်လ်ဒီ) ဖြစ်သူများသည်လည်း အသည်းကင်ဆာရောဂါဖြစ်နိုင်ခြေရှိသည်ဟု သုတေသနပညာရှင်များက ပြောကြားခဲ့သည်။

သုတေသနပြု

ပြင်သစ်နိုင်ငံမှ ထုတ်လုပ်သော မက်ဖော်မင်ဆေးသည် အသည်းအဆီဖုံးသူများနှင့် ဆီးချိုသွေးချို ရောဂါဖြစ်နေသူများ သုံးစွဲနေသည့် ဆေးဝါးဖြစ်သည်။ ထိုဆေးသည် မျက်မှောက်ကာလတွင် ကင်ဆာရောဂါအမျိုးမျိုးကို ကာကွယ်ပေးနိုင်ကြောင်းကို သုတေသနပြုလေ့လာလျက်ရှိသည်။

သုတေသနပညာရှင်များသည် ကြွက်များအား စမ်းသပ်ပြုလုပ်ခဲ့ကြရာ မက်ဖော်မင်ဆေးကို အစာနှင့်ရော၍ တိုက်ကျွေးခံရသောကြွက်၏ အသည်း အကျိတ်အခဲမှာ ၅၇ ရာခိုင်နှုန်းလျော့ကျခဲ့သည်။

လေ့လာတွေ့ရှိ

အဆိုပါ ဆေးကို မတိုက်ကျွေးသောကြွက်၏ အကျိတ်မှာ ၃၇ ရာခိုင်နှုန်း မျှသာ အရွယ်သေးငယ်ခဲ့သည်ကို လေ့လာတွေ့ရှိခဲ့ကြသည်။

ထိုသုတေသနပြုလုပ်ချက်များကို အမေရိကန် ကင်ဆာသုတေသနအဖွဲ့က ဧပြီလတွင် ထုတ်ဝေသော ကင်ဆာကာကွယ်ရေး သုတေသီအမည်ရှိဂျာနယ်၌ ဖော်ပြခဲ့သည်။

ဆင်ဟွာ။



ပေါ့စ်ကိုကုမ္ပဏီ၏ ဆောက်လုပ်ဆဲ အဆောက်အအုံတစ်ခုကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ပေါ့စ်ကိုစတီးလ်ကုမ္ပဏီ စက်ရုံတည်ဆောက်ရေး သဘာဝပတ်ဝန်းကျင်ခွင့်ပြုမိန့် အိန္ဒိယ ရပ်ဆိုင်း

နယူးဒေလီ ဧပြီ ၂

ဩရိသပြည်နယ်တွင် စတီးလ်စက်ရုံတည်ဆောက်ရေးအတွက် တောင်ကိုရီးယားကုမ္ပဏီ ပေါ့စ်ကိုအား ပေးအပ်ထားသည့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ခွင့်ပြုမိန့်ကို အိန္ဒိယခုံရုံးတစ်ဖွဲ့က ရပ်ဆိုင်းထားကြောင်း မတ် ၃၀ ရက် ဘီဘီစီသတင်းတွင် ဖော်ပြသည်။

သဘာဝပတ်ဝန်းကျင်နှင့် သစ်တောဝန်ကြီးဌာနကိုလည်း အသစ်တစ်ဖန်ပြန်လည်သုံးသပ်ရန် အမျိုးသားစိမ်းလန်းစိုပြည်ရေးခုံရုံးက အမိန့်ထုတ်ပြန်ခဲ့သည်။

အဆိုပါစက်ရုံတည်ဆောက်ရေးမှာ စိုက်ပျိုးမြေများနှင့် သစ်တောများ ထိန်းသိမ်းကာကွယ်ရေးအတွက် ဒေသခံပြည်သူများ၏ ပြင်းထန်သောအတိုက်အခံနှင့် ရင်ဆိုင်ခဲ့ရသည်။

သက်ဆိုင်ရာ အစိုးရခုံအဖွဲ့သည်လည်း ၂၀၁၁ ခုနှစ်က ခြွင်းချက်ဖြင့် ခွင့်ပြုပေးခဲ့သော ယင်းသဘာဝပတ်ဝန်းကျင် ခွင့်ပြုမိန့်အားဖျက်သိမ်းရန် တွန်းအားပေးခြင်းခံရလျက်ရှိသည်။

၂၀၁၁ ခုနှစ် ဇန်နဝါရီ ၃၁ ရက်က ခွင့်ပြုခဲ့သည့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ကင်းရှင်းမှုကို ပြန်လည်သုံးသပ်ပြီးသည်အထိ ၎င်းစီမံကိန်းကို ရပ်ဆိုင်းထားမည်ဖြစ်ကြောင်း၊ သုံးသပ်ချက်ကို သဘာဝပတ်ဝန်းကျင်နှင့် သစ်တောဝန်ကြီးဌာနက ဆောင်ရွက်ရမည်ဖြစ်ကြောင်း ခုံရုံးက ဆုံးဖြတ်သည်။

ဩရိသပြည်နယ်အစိုးရနှင့် ပေါ့စ်ကိုကုမ္ပဏီတို့အကြား လက်မှတ်ရေးထိုး ချုပ်ဆိုထားသော သဘောတူညီချက်သည် တစ်နှစ်လျှင် စတီးလ်တန်ချိန် ၁၂ သန်း ထုတ်လုပ်ရန်ဖြစ်သည်။ သို့သော် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ရေးအတွက် ပြင်ဆင်ထားမှုသည် စီမံကိန်း၏ သုံးပုံ တစ်ပုံသာလျှင် ရှိသည်ဟုဆိုသည်။

အင်တာနက်။

ဗီယက်နမ်အစိုးရပိုင်ကုမ္ပဏီ ကြွေးမြီတင်မှု တာဝန်ရှိသူများအား ထောင်ဒဏ်ချမှတ်

ဟနွိုင်း ဧပြီ ၂

ဗီယက်နမ်နိုင်ငံ၌ အကြီးဆုံးသော အစိုးရပိုင်ကုမ္ပဏီများအနက်မှ တစ်ခုသည် ဒေဝါလီခံရလုနီးပါးဆုံးရှုံးမှုပေါ်ပေါက်ရာတွင် အဓိကတာဝန်ရှိသူ ထိပ်တန်းအရာရှိကိုးဦးကို ထောင်ဒဏ်အပြစ် ပေးလိုက်ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

ဥက္ကဋ္ဌဟောင်း ဖန်သန်ဆင်သည် နိုင်ငံတော်၏စည်းမျဉ်းစည်းကမ်းများကို ချိုးဖောက်သဖြင့် ထောင်အနှစ် ၂၀ ကျခံစေရန် အမိန့်ချမှတ်သည်။

ဗီယက်နမ် သင်္ဘောတည်ဆောက်ရေးလုပ်ငန်းအုပ်စု (ဗီနာရှင်)သည် လျင်မြန်စွာ လုပ်ငန်းတိုးချဲ့ပြီးနောက် အမေရိကန်ဒေါ်လာ ၄ ဒသမ ၅ ဘီလီယံ ကြွေးမြီတင်ရှိခဲ့သည်။

အဆိုပါ တရားခံများသည် ဒေါ်လာ ၄၃ သန်း ဆုံးရှုံးမှုတွင် တိုက်ရိုက်တာဝန်ရှိကြသူများဖြစ်သည်။

နိုင်ငံမြောက်ပိုင်း ဟေပွန်မြို့မှ တရားရုံးက ကျန်တရားခံရှစ်ဦးကို ထောင်ဒဏ်သုံးနှစ်မှ ၁၉ နှစ်အထိ ကျခံရန်အမိန့်ချမှတ်သည်။ ကမ္ဘာတွင် ထိပ်တန်းသင်္ဘောတည်ဆောက်သော ကုမ္ပဏီများအနက် တစ်ခုအပါအဝင်ဖြစ်လာစေရန် ရည်ရွယ်ချက်ဖြင့် ဗီနာရှင်ကုမ္ပဏီကို ၁၉၉၆ ခုနှစ်တွင် တည်ထောင်ခဲ့သည်။

အင်တာနက်။

ဗြိတိသျှစစ်သင်္ဘော သည်အိတ်ချ်အမ်အက်စ် ဒေါင်လက်စ်ကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဆိုက်ဘေးရီးယား၌ ရုရှားခရီးသည်တင် လေယာဉ်ပျက်ကျ ခရီးသည် ၃၂ဦး သေဆုံးပြီး ၁၁ ဦး ဒဏ်ရာရ

မော်စကို ဧပြီ ၂

ခရီးသည်နှင့် လေယာဉ်အမှုထမ်းများ အပါအဝင် လူ၄၃ ဦးကို တင်ဆောင်ပျံသန်းလာသော ရုရှားခရီးသည်တင် လေယာဉ်တစ်စင်းသည် ဧပြီ ၂ ရက်က ဆိုက်ဘေးရီးယားဒေသရှိ တူမန်မြို့လေဆိပ်မှ ပျံတက်ပြီး မကြာမီတွင် ပျက်ကျခဲ့ရာ အနည်းဆုံး လူ ၃၂ဦး သေဆုံးခဲ့သည်ဟု ရုရှားအရေးပေါ်လုပ်ငန်းဆိုင်ရာ တာဝန်ရှိသူများက ပြောကြားခဲ့သည်။

ယူတီလေကြောင်းပိုင် အဆိုပါ ခရီးသည်တင်လေယာဉ်သည် မော်စကိုမြို့၏အရှေ့ဘက် မိုင် ၁၀၇၀ ခန့်အကွာရှိ တူမန်မြို့ရို့စ်ချီခိုလေဆိပ်မှ ဆိုက်ဘေးရီးယားဒေသအစွန်အဖျားရှိ ဆာဂက်မြို့သို့ ဦးတည်ပျံသန်းစဉ် ပျက်ကျခဲ့ခြင်းဖြစ်သည်။

လေယာဉ်ပျက်ကျရာမှ သေဆုံးသူအလောင်း ၃၂ လောင်းကို ရှာဖွေတွေ့ရှိခဲ့ပြီး ဒဏ်ရာရရှိသူများအား ရှာဖွေကယ်ဆယ်ကာ ရဟတ်ယာဉ်ဖြင့် အနီးရှိဆေးရုံသို့ တင်ပို့ထားခဲ့သည်ဟု ရုရှားတာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

ယခုပျက်ကျခဲ့သော လေယာဉ်မှာ ခရီးသည် ၇၄ဦး သယ်ဆောင်နိုင်သော ပြင်သစ်နှင့် အီတလီတို့ ပူးတွဲပြုလုပ်သည့် ATR.72 အမျိုးအစား ခရီးသည်တင်လေယာဉ်ဖြစ်ပြီး ယခုတစ်ကြိမ်ဖြစ်ပွားသည့် လေယာဉ်မတော်တဆဖြစ်မှုသည် ရုရှားနိုင်ငံ၌ ၂၀၁၁ ခုနှစ် စက်တင်ဘာလအတွင်းက ဖြစ်ပွားခဲ့သော လူ ၄၄ဦးသေဆုံးခဲ့သည့် ယက်စ် ၄၂အမျိုးအစား လေယာဉ်ပျက်ကျမှုအပြီး၌ လူအသေအပျောက်အများဆုံးဖြစ်သည်။

အင်တာနက်။

ဆိုက်ဘေးရီးယား၌ ပျက်ကျခဲ့သည့် ရုရှားလေယာဉ်ကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဗြိတိန်နိုင်ငံက တောင်အတ္တလန္တိတ်သို့ အဆင့်မြင့်စစ်သင်္ဘောတစ်စင်း စေလွှတ်မည်

လန်ဒန် ဧပြီ ၂

ဖော့ကလန်စစ်ပွဲ အနှစ် (၃၀)ပြည့်မြောက်သည့် တနင်္လာနေ့တွင် ဗြိတိန်နိုင်ငံက နည်းပညာအဆင့်မြင့် စစ်သင်္ဘောတစ်စင်းကို တောင်အတ္တလန္တိတ်သို့ ယခုအပတ်တွင်း စေလွှတ်မည်ဖြစ်ကြောင်း ကာကွယ်ရေးဝန်ကြီးဌာနက ကြေညာသည်။

အင်အားကောင်းသည့် ပုံစံ-၄၅ ဖျက်သင်္ဘော အမျိုးအစား သည်အိတ်ချ်အမ်အက်စ် ဒေါင်လက်စ် သည် ပို့စ်မောက်ရှိ ၎င်းအခြေစိုက်စခန်းမှ ဗုဒ္ဓဟူးနေ့တွင် ထွက်ခွာမည်ဖြစ်ပြီး တောင်အတ္တလန္တိတ်၌ ခြောက်လကြာတာဝန်ထမ်းဆောင်မည်ဖြစ်ကြောင်း ဗြိတိန်ကာကွယ်ရေးဝန်ကြီးဌာန၏ ပြောရေးဆိုခွင့်ရှိသူက အေအက်ဖ်ပီသို့ ပြောကြားသည်။

အဆိုပါသင်္ဘော တောင်အတ္တလန္တိတ်သို့ သွားမည်ဖြစ်ပြီး ဖော့ကလန်ကျွန်းသို့ သီးသန့်ရည်မှန်း၍ သွားခြင်းမဟုတ်ကြောင်း ပြောရေးဆိုခွင့်ရှိသူက အလေးအနက်ပြောကြားသည်။

အာဖရိကတောင်ပိုင်းနှင့် အနောက်ပိုင်းမှတစ်ဆင့် ဗြိတိန်နိုင်ငံက ၁၈၃၃ ခုနှစ်ကတည်းက ထိန်းချုပ်ထားပြီး အာဂျင်တီးနားနိုင်ငံက ပိုင်ဆိုင်ကြောင်း တောင်းဆိုထားသည့် ဖော့ကလန်ကျွန်းသို့ အဆိုပါစစ်သင်္ဘော ရောက်ရှိမည်ဖြစ်သည်ဟု ၎င်းပြောရေးဆိုခွင့်ရှိသူက ထပ်မံပြောကြားသည်။

ဆီဗိုက်ပါ ဒုံးကျည်များတပ်ဆင်ထားသော ဒေါင်လက်စ်သည် မိုင် ၇၀ အကွာမှ လေကြောင်းအန္တရာယ်ကို ကာကွယ်နိုင်စွမ်းရှိသည်ဟု ဆိုသည်။

အင်တာနက်။

ယခုနှစ်မတ်လအတွင်း အီရတ်၏ ရေနံတင်ပို့မှု နှစ် ၃၀ ကျော်အတွင်း အမြင့်ဆုံးဖြစ်

ဘဂ္ဂဒက် ဧပြီ ၂

အီရတ်နိုင်ငံ၏ ပြည်ပသို့ရေနံစိမ်းတင်ပို့မှုသည် ယခုနှစ်မတ်လအတွင်း တစ်ရက်လျှင် စည်ပေါင်း ၂ ဒသမ ၃၁၇ သန်းသို့ ရောက်ရှိလာပြီဖြစ်ကြောင်း၊ နှစ်ပေါင်း ၃၀ ကျော်အတွင်း အမြင့်ဆုံးတင်ပို့မှုဖြစ်ကြောင်း၊ ဆက်လက်တိုးမြှင့်တင်ပို့မည်ဖြစ်ကြောင်း ရေနံဝန်ကြီးဌာန၏ ပြောရေးဆိုခွင့်ရှိသူ အက်ဆင်းဂျီဟက်က ဧပြီ ၁ ရက်တွင် ပြောကြားခဲ့သည်။

မတ်လအတွင်း ရေနံတင်ပို့မှု ပမာဏသည် ၁၉၈၀ ခုနှစ်ကစ၍ အီရတ်နိုင်ငံအနေဖြင့် မရောက်ရှိသေးသည့် အဆင့်ဖြစ်ကြောင်း ဝန်ကြီးဌာန၏ ကြေညာချက်တွင် ဖော်ပြထားသည်။

လွန်ခဲ့သည့်လအတွင်း အီရတ်နိုင်ငံ၏ ရေနံတင်ပို့မှု ပမာဏသည် စည်ပေါင်း ၇၁ ဒသမ ၈၂၇ သန်းရှိကြောင်း၊ တစ်ရက်လျှင် ပျမ်းမျှအားဖြင့် ၂ ဒသမ ၃၁၇ သန်းရှိကြောင်း၊ နိုင်ငံတော်က အခွန်တော်ငွေ ဒေါ်လာ ၈ ဒသမ ၄၇၅ ဘီလီယံရရှိခဲ့ကြောင်း ဂျီဟတ်က ပြောသည်။

ယင်းလအတွက် ပျမ်းမျှရေနံဈေးနှုန်းသည် တစ်စည်လျှင် ၁၁၈ ဒေါ်လာဖြစ်သည်ဟု ကြေညာချက်တွင် ဖော်ပြထားသည်။

အင်တာနက်။

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်အကျဉ်း

၃-၄-၂၀၁၂ (အင်္ဂါနေ့)

၅း၄၀	"အနာနဲ့ဆေးတည့်အောင်ပေး" တရားတော် (ရေတာရှည် ဆရာတော်အရှင်ပညာဝံသ)	၈း၃၀	SAMSUNG သကြိန်ဈေးရောင်းပွဲတော်
၁၀း၂၀	ခါသကြိန်အဆိုအကများ	၈း၄၀	"နှစ်သစ်အကြိုမြန်မာပြည် သိန်းတန်" Live Show(Part-9)
၁၀း၄၀	Celebrity Style (ဝိုင်းစုခိုင်သိန်း)	၉း၂၀	The Shop Around The Corner (Part-57)
၁၀း၅၅	"နှစ်သစ်အကြိုမြန်မာပြည် သိန်းတန်"Live Show (Part-8)	၉း၃၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပန်းသုံးပွင့်လေညှင်းရာ" (အပိုင်း-၁၁၈)**
၂း၂၀	ခါသကြိန်အဆိုအကများ	၁၀း၂၀	သီချင်းကောင်းကောင်း သီချင်းတောင်း
၅း၁၀	ရန်ကုန်မြင်ကွင်းကျယ် [7 Day News Journal ၏ (၁၀)နှစ်ပြည့်နှစ်ပတ်လည် အခမ်းအနား]	၁၀း၄၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပုံပြောကောင်းတဲ့ချစ်သူ" (အပိုင်း-၁)**
၆း၁၅	MRTV-4 မြန်မာ့ရိုးရာသကြိန်	၁း၅၅	ကျောက်ကပ်နှင့်ကျောက်ကပ် ရောင်ရောဂါအကြောင်း (ပါမောက္ခဒေါက်တာခင်မောင်ဌေး)
၆း၄၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အချစ်တေးသံရင်ခုန်သံ" (အပိုင်း-၄၁)**	၂း၁၅	မောတို့မြေမှ အံ့ဖွယ်ထူးခြားလိုက်ဂူများ
၇း၂၅	A Moment to Glow 3V Show (Part-3)		

ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးမြတ်ဟိန်း ဘင်္ဂလားဒေ့ရှ်လေတပ်ဦးစီးချုပ် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့်တွေ့ဆုံ

နေပြည်တော် ဧပြီ ၂

ကာကွယ်ရေးဦးစီးချုပ်(လေ)ဗိုလ်ချုပ်ကြီး မြတ်ဟိန်းသည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်၌ ဘင်္ဂလားဒေ့ရှ် လေတပ်ဦးစီးချုပ် Air Marshal Shah Mohammad Ziaur Rahman, ndc, fawc, psc ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့် တွေ့ဆုံသည်။

အဆိုပါတွေ့ဆုံပွဲသို့ ကာကွယ်ရေးဦးစီးချုပ်(လေ)နှင့်အတူ စစ်ဦးစီးအရာရှိချုပ် (လေ) ဗိုလ်ချုပ်ခင်အောင်မြင့်၊ တောင်ငူ တပ်နယ်မှ ဗိုလ်မှူးချုပ်သန်းလွင်နှင့် တပ်မတော်အရာရှိကြီးများ တက်ရောက်ကြပြီး ဘင်္ဂလားဒေ့ရှ်လေတပ်ဦးစီးချုပ်နှင့်အတူ Air Officer Commanding Bangladesh Air Force Base Bashar, Air Commodore M Naim Hassan, fawc, psc နှင့် ဘင်္ဂလားဒေ့ရှ်လေတပ်မှ အရာရှိကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်စစ်သံမှူးတို့ တက်ရောက်ကြသည်။

တွေ့ဆုံပွဲတွင် နှစ်နိုင်ငံတပ်မတော် (လေ)ဆိုင်ရာ ချစ်ကြည်ရင်းနှီးမှုကိစ္စရပ်များ ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် ဘင်္ဂလားဒေ့ရှ်လေတပ်ဦးစီးချုပ်သည် ဧည့်သည်တော်မှတ်တမ်းစာအုပ်၌ မှတ်တမ်းတင်လက်မှတ်ရေးထိုးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးမြတ်ဟိန်းနှင့် ဘင်္ဂလားဒေ့ရှ်လေတပ်ဦးစီးချုပ် Air Marshal Shah Mohammad Ziaur Rahman, ndc, fawc, psc တို့ တွေ့ဆုံကြစဉ်။

(သတင်းစဉ်)

Asia 2012 ညီလာခံနှင့် စာတမ်းဖတ်ပွဲ ဒုတိယဝန်ကြီး ဦးမြင့်ဇော် တက်ရောက်ခဲ့

နေပြည်တော် ဧပြီ ၂

အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်ဇော်သည် ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမော်သာထွေးနှင့် အဖွဲ့ဝင်လေးဦး လိုက်ပါလျက် ထိုင်းနိုင်ငံ ချင်းမိုင်မြို့၌ မတ် ၂၅ ရက်မှ ၂၇ ရက်အထိ The International Journal on Hydropower and Dams က ကြီးမှူးကျင်းပသည့် Fourth International Conference on Water Resources and Renewable Energy Development in Asia (Asia 2012) သို့တက်ရောက်ပြီး ညီလာခံနှင့်အတူ ပူးတွဲ ကျင်းပသည့် အာရှဒေသတွင်း ရေအားအရင်းအမြစ်နှင့် ပြန်လည် ပြည့်ဖြိုးမြဲစွမ်းအင်ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ စာတမ်းဖတ်ပွဲသို့လည်း တက်ရောက်ခဲ့သည်။

Asia 2012 ညီလာခံနှင့် စာတမ်းဖတ်ပွဲသို့ နိုင်ငံပေါင်း ၄၄ နိုင်ငံမှ ပညာရှင်များ တက်ရောက်ခဲ့ပြီး ရေအားလျှပ်စစ် ပညာရပ်ဆိုင်ရာ စာတမ်းပေါင်း ၉၃ စောင် တင်သွင်းဆွေးနွေးခဲ့ကြသည်။

အဆိုပါ ညီလာခံနှင့်စာတမ်းဖတ်ပွဲသို့ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ ပညာရှင်လေးဦးအပါအဝင် မြန်မာနိုင်ငံမှ ၁၅ ဦး တက်ရောက်ခဲ့ပြီး အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနက တာဝန်ယူတည်ဆောက်လျက်ရှိသော အထက်ပေါင်းလောင်း ရေအားလျှပ်စစ်စီမံကိန်း၏ ဒီဇိုင်းနှင့်တည်ဆောက်မှုအပိုင်းကို ရေးသားပြုစုထားသည့် "Design and Construction Aspect of the Upper Paunglaung RCC Dam" စာတမ်းကို ဖတ်ကြားဆွေးနွေးခဲ့ကြောင်း သိရသည်။ (သတင်းစဉ်)

အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်ဇော်နှင့် အဖွဲ့ဝင်များ ထိုင်းနိုင်ငံ ချင်းမိုင်မြို့၌ ကျင်းပသည့် Fourth International Conference on Water Resources and Renewable Energy Development in Asia (Asia 2012) ၌ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။

(သတင်းစဉ်)

ဒုတိယဝန်ကြီး ဦးခင်မောင်အေး စစ်ကိုင်းတိုင်းဒေသကြီးအတွင်း မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဆွေးနွေးမှာကြား

နေပြည်တော် ဧပြီ ၂

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်အေးသည် မတ် ၂၇ ရက်မှ ၃၁ ရက်အထိ စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကောလင်း၊ ဝန်းသို၊ ပင်လည်ဘူးနှင့် ဗန်းမောက်မြို့နယ်များသို့သွားရောက်၍ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် တိရစ္ဆာန်ကူးစက်ရောဂါကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ဆွေးနွေးမှာကြားခဲ့ပြီး မတ် ၂၈ ရက်တွင် ပင်လည်ဘူးမြို့နယ် ကညင်ကုံးကျေးရွာ၌ ငါးမွေးမြူရေးလုပ်ငန်းရှင်များနှင့်တွေ့ဆုံ၍ ငါးသားပေါက်ရရှိရေး၊ ကန်ငယ်များခွဲ၍ တီလားပီးယားငါး မွေးမြူရေးကိစ္စရပ်များကို ဆောင်ရွက်ပေးခဲ့သည်။

မတ် ၂၉ ရက်တွင် ဗန်းမောက်မြို့နယ် ဂဏန်းဒေသ နန်းဇားရွာ၌ ဒေသခံများနှင့် တွေ့ဆုံ၍ တိရစ္ဆာန်ကူးစက်ရောဂါကြိုတင်ကာကွယ်ရေးနှင့် ယမန်နှစ်ကဖြစ်ပွားခဲ့သည့် ကျွဲ၊ နွားပေါင်ပုပ်လက်ပုပ်ရောဂါ ထပ်မံမဖြစ်ပွားရေးအတွက် ဆောင်ရွက်သင့်သည်များ မှာကြားကာ ဂဏန်းဒေသဖွံ့ဖြိုးရေးအတွက် အလှူငွေနှင့် စာကြည့်တိုက်အတွက် စာအုပ်စာစောင်များ၊ ကျောင်းသုံးဗလာစာအုပ်များ လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်အေး ဗန်းမောက်မြို့နယ် ဂဏန်းဒေသဖွံ့ဖြိုးရေးအတွက် အလှူငွေများ ပေးအပ်လှူဒါန်းစဉ်။

(သတင်းစဉ်)

AIR KBZ လေကြောင်းလိုင်းနှစ်ပတ်လည်အခမ်းအနား ကျင်းပ ပွင့်လင်းရာသီတွင် လေယာဉ်သစ်နှစ်စင်းထပ်မံရောက်ရှိပြေးဆွဲမည်

ရန်ကုန် ဧပြီ ၂

ပြည်တွင်းလေကြောင်းလိုင်း တစ်ခုဖြစ်သော AIR KBZ လေကြောင်းလိုင်း နှစ်ပတ်လည်အခမ်းအနားကို ယမန်နေ့ညနေ ၆ နာရီတွင် ရန်ကုန်မြို့ CHATRIUM ဟိုတယ်၌ ကျင်းပရာ **(အောက်ပုံ)** အခမ်းအနားသို့ AIR KBZ လေကြောင်းလိုင်းဥက္ကဋ္ဌ ဒေါ်နန်းလိုင်းခမ်းနှင့် ဒါရိုက်တာအဖွဲ့ဝင်များ၊ AIR KBZ လေကြောင်းလိုင်းအောက်တွင် တာဝန်ထမ်းဆောင်လျက်ရှိကြသော မြန်မာနိုင်ငံတစ်ဝန်းရှိ ဌာနခွဲအသီးသီးမှ အရာထမ်းများနှင့် ဝန်ထမ်းများစုံညီစွာတက်ရောက်ကြသည်။

AIR KBZ လေကြောင်းလိုင်းသည် ATR -72(500) လေယာဉ်သုံးစင်းဖြင့် ပြည်တွင်းခရီးစဉ်များကို ပျံသန်းပြေးဆွဲလျက်ရှိသည်။ ATR-72(500) လေယာဉ်အသစ်တစ်စင်းနှင့် ATR-72 (600) လေယာဉ်အသစ်တစ်စင်း ပွင့်လင်းရာသီအမီ ထပ်မံရောက်ရှိလာမည်ဖြစ်သည်။

အဆိုပါ ATR -72 (500) လေယာဉ် လေးစင်း၊ ATR -72 (600) လေယာဉ် တစ်စင်း စုစုပေါင်းလေယာဉ် ငါးစင်းဖြင့် လက်ရှိပြေးဆွဲလျက်ရှိသော ညောင်ဦး၊ မန္တလေး၊ ရန်ကုန်၊ ဟဲဟိုး၊ သံတွဲ၊ စစ်တွေ၊ တာချီလိတ်၊ ကျိုင်းတုံ၊ လားရှိုး၊ မြိတ်၊ ထားဝယ်၊ ကော့သောင်း၊ မုံရွာ၊ ဟုမ္မလင်း၊ မြစ်ကြီးနား၊ နေပြည်တော်၊ ကလေးမြို့များအပြင် အခြားမြို့ကြီးများသို့လည်း ဆက်လက်ပျံသန်းပြေးဆွဲသွားမည်ဖြစ်ကြောင်း သိရသည်။ (ကြေးမုံ)

အောက်ပိုင်းဒေသများ ကွက်ကျားမိုး ထစ်ချုန်းရွာနိုင်

နေပြည်တော် ဧပြီ ၂

ယနေ့နံနက် ၉ နာရီခွဲထိမိုးလေဝသ တိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော ၂၄ နာရီအတွင်းက ရှမ်းပြည်နယ်တွင် နေရာကွက်ကျား မိုးအနည်းငယ်ထစ်ချုန်းရွာခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့သည်။ **နေ့အပူချိန်များမှာ** စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)နှင့် ကယားပြည်နယ်တို့တွင် ဧပြီလ၏ ပျမ်းမျှအပူချိန်အောက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်ထိ လျော့နည်းခဲ့ပြီး ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် ဧပြီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ် မှ ၄ ဒီဂရီစင်တီဂရိတ်ထိပိုခဲ့ကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ဧပြီလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။ **ထူးခြားသည့် နေ့အပူချိန်မှာ** မင်းဘူးမြို့တွင် ၄၀ ဒီဂရီစင်တီဂရိတ်ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေ

လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်

မြန်မာနိုင်ငံအောက်ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။

စာဖတ်ရှုနိုင်မြှင့်တင်ရေး ဆုချီးမြှင့်ပွဲနှင့် စာအုပ်စာစောင်များလှူဒါန်းပွဲ ကျင်းပ

နေပြည်တော် ဧပြီ ၂

ရှမ်းပြည်နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူးကျင်းပသော စာဖတ်ရှုနိုင်မြှင့်တင်ရေးဆုချီးမြှင့်ပွဲနှင့် စာအုပ်စာစောင်များ လှူဒါန်းပွဲကို မတ် ၂၈ ရက် မွန်းလွဲ ၁ နာရီခွဲတွင် လားရှိုးမြို့ မြို့တော်ခန်းမ၌ကျင်းပရာ ဟိုပိတ်၊ ဆုံကွယ်၊ နောင်မွန်၊ ပုန်းထွန်း၊ ပန်ဆပ်ကျေးရွာ များ၌ပြုလုပ်ခဲ့သည့် စာဖတ်ပြိုင်ပွဲ၊ စာစီစာကုံးပြိုင်ပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲများတွင် ဆုရရှိသူများအား တာဝန်ရှိသူများက ဆုချီးမြှင့်ကြသည်။

လက်ခံ

ထို့နောက် မြန်မာနိုင်ငံ စာကြည့်တိုက်များ ဖောင်ဒေးရှင်းက လှူဒါန်းသော သုတ၊ ရသစာအုပ် ၁၅၀၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက လှူဒါန်းသော သုတ၊ ရသစာအုပ် ၅၀၀၊ အလှူရှင်များ လှူဒါန်းသော ရုပ်မြင်သံကြားပြစက် ၂၅ လုံး၊ EVD ၁၇ လုံး၊ ရေဒီယို ၃၄ လုံးနှင့် စာအုပ်၊ စာစောင် ၁၃၅၀ တို့ကို ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးစိုင်းခမ်းမှတ်၊ ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာမျိုးထွန်းနှင့် တာဝန်ရှိသူများက လက်ခံကြသည်။

အခမ်းအနားတွင် မြန်မာ့ရေနံလုပ်ငန်း (လားရှိုး)၊ ပြည်နယ်ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေးဌာန၊ ခရိုင်သစ်တောဝန်ထမ်းမိသားစုများနှင့် မြဝတီသတင်းအဖွဲ့တို့က ကျေးရွာ ခြောက်ရွာအတွက် နေ့စဉ်ထုတ် သတင်းစာများ တစ်နှစ်စာပေးအပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေးအား အိန္ဒိယသမ္မတနိုင်ငံ Jubilant Energy ကုမ္ပဏီမှ Chief Executive Officer Mr. Ajay Khanna ဦးဆောင်သောအဖွဲ့ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေးအား ဧည့်အဖွဲ့များလာရောက်တွေ့ဆုံ

နေပြည်တော် ဧပြီ ၂

စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေးအား အိန္ဒိယသမ္မတနိုင်ငံ Jubilant Energy ကုမ္ပဏီမှ Chief Executive Officer Mr. Ajay Khanna ဦးဆောင်သောအဖွဲ့သည် ယနေ့ မွန်းလွဲပိုင်းတွင် အဆိုပါဝန်ကြီးရုံး၌ လာရောက်တွေ့ဆုံပြီး မြန်မာနိုင်ငံ ကုန်းတွင်းလုပ်ကွက်များဆိုင်ရာ ပထမအကြိမ် International Bidding Round ၌ လုပ်ကိုင်ခွင့်ရရှိမည့် ကုန်းတွင်းလုပ်ကွက် PSC I တွင် ရေနံနှင့် သဘာဝဓာတ်ငွေ့ရှာဖွေရေးလုပ်ငန်းများ ဝင်ရောက်လုပ်ကိုင်မည့် အစီအစဉ်များ၊ အိန္ဒိယသမ္မတနိုင်ငံအစိုးရမှ မြန်မာနိုင်ငံအတွင်း ရင်းနှီးမြှုပ်နှံလုပ်ကိုင်မှုတိုးမြှင့်ဆောင်ရွက်ရန် တိုက်တွန်းတွန်းအားပေးဆောင်ရွက်လျက်ရှိသဖြင့် မြန်မာနိုင်ငံ၏ ရေနံလုပ်ကွက်များတွင် ထပ်မံတိုးချဲ့လုပ်ကိုင်ခွင့် ရရှိရေးကိစ္စရပ်များနှင့် ပတ်သက်၍ နှစ်ဖက်ဆွေးနွေးကြသည်။

အလားတူ ပြည်ထောင်စုဝန်ကြီးအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ NPCC ကုမ္ပဏီမှ Chairman Mr. Li Li ဦးဆောင်သောအဖွဲ့ လာရောက်တွေ့ဆုံပြီး ကုန်းတွင်းလုပ်ကွက် F (ငလှိုင်တွင်းဒေသ)၌ ရှာဖွေရေးလုပ်ငန်းများ ဆောင်ရွက်နေမှု၊ လုပ်ငန်းတိုးတက်မှုနှင့် စမ်းသပ်တွေ့ရှိမှုများ၊ လုပ်ငန်းလိုအပ်ချက်များနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။(သတင်းစဉ်)

မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ထိန်းကျောင်းမှုရှိသည့် နှုန်းရှင်ငွေလဲနှုန်းစနစ် (Managed Floating Exchange Rate Regime) ကို စတင်ကျင့်သုံးခြင်းနှင့် ပတ်သက်၍ သတင်းထုတ်ပြန်ချက်

နေပြည်တော် ဧပြီ ၂

မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ နိုင်ငံခြားငွေလဲလှယ်နှုန်းစနစ်အား အထူးထုတ်ယူခွင့် (SDR)တစ်ယူနစ်လျှင် ၈ ဒသမ ၅၀၈၄၇ ကျပ်ဖြင့် ချိတ်ဆက်သတ်မှတ်ခဲ့သည့်စနစ်မှ ထိန်းကျောင်းမှုရှိသည့် နှုန်းရှင်ငွေလဲနှုန်းစနစ် (Managed Floating Exchange Rate Regime)သို့ စတင်ပြောင်းလဲသည့်အနေဖြင့် ၂၀၁၂ ခုနှစ် ဧပြီလ ၂ ရက်နေ့ ရန်ကုန်မြို့တွင် ပြုလုပ်သည့် ပထမအကြိမ် နိုင်ငံခြားငွေများ ဈေးပြိုင်စနစ်ဖြင့် ရောင်းဝယ်ခြင်း (Foreign Exchange Auction) အား စနစ်တကျပြုလုပ်၍ စနစ်သစ်အတွက် ပထမဆုံး Reference Rate ကို ထုတ်ပြန်ခဲ့ပါသည်။

ဆက်လက်၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် နိုင်ငံခြားငွေ ဈေးကွက်တွင် ကျပ်ငွေ ငွေဖြစ်လွယ်မှုကို အထောက်အပံ့ပြုရန်နှင့် ငွေလဲနှုန်းအတက်အကျများ လျော့နည်းစေရန်အတွက် အခါအားလျော်စွာ ပါဝင်ခြင်းဖြင့် မြန်မာကျပ်ငွေတန်ဖိုးကို ငွေကြေးဈေးကွက်အခြေအနေအရ သတ်မှတ်သွားမည်ဖြစ်ပါသည်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် နိုင်ငံခြားငွေလဲနှုန်းအဆင့်တစ်ခုကို ကြိုတင်သတ်မှတ်ခြင်း သို့မဟုတ် ရောင်းဝယ်မည့်ပမာဏကို ကန့်သတ်ခြင်းမျိုးမရှိပါ။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေဖြင့် နှုန်းရှင်ငွေလဲနှုန်းစနစ်နှင့်အညီ ဈေးကွက်ဝယ်လိုအား ရောင်းလိုအားအပေါ် မူတည်၍ ပြောင်းလဲမည့်လဲလှယ်နှုန်း အတက်အကျရှိမည်ဟု မျှော်မှန်းပါသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် လေလံတွင် ပါဝင်ခွင့်ရှိသည့် နိုင်ငံခြားသုံးငွေများ ရောင်းဝယ်ဖောက်ကားသည့် လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင် (Authorized Dealer Licence-A.D) ရ ပုဂ္ဂလိကဘဏ်များသို့ နိုင်ငံခြားငွေ အရောင်းအဝယ် နှစ်မျိုးစလုံးအား လွတ်လပ်စွာ တင်သွင်းနိုင်သည့် လေလံ(two-way FX Auction) ကိုရုံးပိတ်ရက်များမှလွဲ၍ နေ့စဉ်ပြုလုပ်မည်ဖြစ်ပါသည်။

ပုဂ္ဂလိကဘဏ်များနည်းတူ A.D လိုင်စင်ရ နိုင်ငံပိုင်ဘဏ် (၃)ဘဏ်တို့ကိုလည်း လေလံတွင် ပါဝင်ဆောင်ရွက်ခွင့်ပြုမည်ဖြစ်ပါသည်။

Auction ၏ cut-off rate အား နေ့စဉ် ဗဟိုဘဏ်၏ Reference rate အဖြစ် သတ်မှတ်မည်ဖြစ်ပါသည်။ လောလောဆယ်တွင် ဗဟိုဘဏ်၏ Reference rate အတိုင်း သိမ်ဖြူကောင်တာမှ mid rate ကို သတ်မှတ်၍ M.C လိုင်စင်နှင့် A.D လိုင်စင်ရ ပုဂ္ဂလိကဘဏ်များသည် ယင်းနှုန်းကို အခြေခံ၍ သိမ်ဖြူဈေးကွက် လက်လီရောင်းဝယ်မှုများအတွက် ဗဟိုဘဏ် reference rate ၏ ± ၀.၈ ရာခိုင်နှုန်း ဘောင်အတွင်းတွင် လည်းကောင်း၊ A.D လိုင်စင်ရဘဏ်များအကြား (interbank market)တွင် လက်ကားရောင်းဝယ်မှုများအတွက် ဗဟိုဘဏ် reference rate ၏ ± ၀.၃ ရာခိုင်နှုန်း ဘောင်အတွင်းတွင် လည်းကောင်း ဆောင်ရွက်နိုင်ပါသည်။ အဆိုပါနေ့အတွက် လေလံပြီးဆုံးပြီးနောက် ဈေးကွက်အနေအထား သိသိသာသာ ပြောင်းလဲမှုရှိပါက သိမ်ဖြူဈေးနှုန်း သတ်မှတ်ရေးအဖွဲ့အနေဖြင့် ၎င်း၏ mid rate ကို နေ့လယ်ပိုင်းတွင် ပြန်လည်ပြင်ဆင်သတ်မှတ်နိုင်ပါသည်။ အထက်ပါ ဈေးနှုန်းသတ်မှတ်ချက် ဘောင်များနှင့် နိုင်ငံခြားငွေရောင်းဝယ်သည့် လေလံ (two-way FX auction) အကြိမ်အရေအတွက်တို့သည် နိုင်ငံခြားငွေဈေးကွက်များ ဖွံ့ဖြိုးလာသည်နှင့်အမျှ အပြောင်းအလဲရှိမည်ဖြစ်ပါသည်။

ယနေ့ ဖွင့်လှစ်သည့် နိုင်ငံခြားငွေရောင်းဝယ်သည့်လေလံ (two-way FX auction) တွင် စုစုပေါင်းတင်သွင်းသည့် အဝယ် (Bids)ပမာဏ USD ၆၄၀၀၀၀/-၊ စုစုပေါင်း တင်သွင်းသည့် အရောင်း (Offers)ပမာဏ USD ၃၅၀၀၀၀/- နှင့် cut-off rate USD/MMK ၈၁၈/- ရရှိပါသည်။ ဗဟိုဘဏ်သည် ဈေးကွက်လိုအပ်ချက်အရ USD ၄၀၀၀၀/- ကို cut-off rate USD/MMk ၈၁၈/- ဖြင့် ဝယ်ယူခဲ့ပါသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၃-၄-၂၀၁၂ (အင်္ဂါနေ့)

၇း၀၀	ပရိတ်တရားတော်
၈း၁၀	ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
၈း၂၀	ခါသကြ်ာန်အဆိုအကများ
၈း၄၅	ခါသကြ်ာန်အဆိုအကများ
၃း၁၅	AFC Cup 2012 Group Stage ဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှု အစီအစဉ် [ရန်ကုန်ယူနိုက်တက်အသင်း (မြန်မာ)နှင့် Home ယူနိုက်တက်အသင်း (စင်ကာပူ)]
၅း၁၅	ခါသကြ်ာန်အဆိုအကများ
၅း၂၅	အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -ဒုတိယနှစ် (စီးပွားစီမံအထူးပြု) (စီးပွားစီမံ)
၆း၂၀	ကြယ်ပွင့်များရဲ့ ရင်ခုန်သံ
၇း၀၀	**နိုင်ငံခြားဇာတ်လမ်းတွဲ "ချမ်းမြေ့ပျော်ရွှင်" (အပိုင်း-၁၈)**
၇း၅၀	**အနာဂတ်မြန်မာပြည် (ရိန်မိုး၊ ကိုရဲ၊ ဆုပန်ထွာ၊ ဝိုင်းစုခိုင်သိန်း၊ ဆုမွန်)**
၈း၀၀	ပြည်တွင်းသတင်း -**အနာဂတ်မြန်မာပြည် (ရိန်မိုး၊ ကိုရဲ၊ ဆုပန်ထွာ၊ ဝိုင်းစုခိုင်သိန်း၊ ဆုမွန်)** -ချိုမြိန်ရသာမုန့်ကမ္ဘာ -**အိန္ဒိယရုပ်ရှင် "ပန်းပျိုးသောလက်တစ်စုံ" (ဇာတ်သိမ်းပိုင်း)**

ဥတုရာသီ တောကိုမှီ၏

မိုးရာသီအကြို သစ်ပင်စိုက်ပျိုးပွဲအခမ်းအနား ကျင်းပ

ရန်ကုန် ဧပြီ ၂

ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင်သည် ယနေ့ နံနက်ပိုင်းတွင် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)၌ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)နှင့် AIR KBZ Limited တို့ ပူးပေါင်းကျင်းပသည့် မိုးရာသီအကြို သစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားသို့ တက်ရောက်၍ အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့် ရန်ကုန်တိုင်းဒေသကြီး ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီး ဒေါ်စန်းစန်းနွယ်၊ ဧည့်သည်တော်များ၊ ပါမောက္ခချုပ်၊ ဆရာ ဆရာမများနှင့် ဝန်ထမ်းများသည် ကျွန်းပင် ၅၀၀ ကို တပျော်တပါး စိုက်ပျိုးကြသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်) ကံ့ကော်ဆောင်ရှိ ဟောပြောပို့ချခန်းမ၌ ဝန်ထမ်းများအား တွေ့ဆုံပြီး စာသင်ဆောင်များ၊ စာသင်ခန်းမများ၊ လက်တွေ့ပို့ချခန်းမများနှင့် စာကြည့်တိုက်အဆောက်အအုံ ပြင်ဆင်မွမ်းမံမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။(သတင်းစဉ်)

ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်) မိုးရာသီအကြို သစ်ပင်စိုက်ပျိုးပွဲတွင် သစ်ပင်များ စိုက်ပျိုးပေးစဉ်။

(သတင်းစဉ်)

အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း သင်တန်းဆင်းပွဲ ကျင်းပ

ရန်ကုန် ဧပြီ ၂

ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်ရှိ အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်း သင်တန်းအမှတ်စဉ် (၂/၂၀၁၂) ဆင်းပွဲအခမ်းအနားကို မတ် ၃၀ ရက် နံနက် ၁၀ နာရီတွင် အဆိုပါကျောင်းခန်းမ၌ ကျင်းပရာ လူမှုဝန်ထမ်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်ထွန်းခိုင် တက်ရောက်၍ အမှာစကားပြောကြားပြီး**(ယာပုံ)** သင်တန်းအောင်လက်မှတ်များ ချီးမြှင့်သည်။

အလားတူ ဧပြီ ၂ ရက်တွင် နွေရာသီ (ဧပြီ)အထူးသင်တန်းကို စတင်ဖွင့်လှစ်မည်ဖြစ်ပြီး သင်တန်း၌ မိန်းမဝတ်၊ ကလေးဝတ်၊ သိုးမွေး၊ ဇာထိုးပန်းထိုး၊ ကျားရုပ်၊ ဘော်လီ/ဘရာစီယာ၊ ကုတ်အင်္ကျီ၊ ဘောင်းဘီ၊ စင်တီမီတာ(စက်ချုပ်)၊ သီးယို/ဆီစိမ်၊ မုန့်မျိုးစုံ၊ မြန်မာအစားအစာ၊ တရုတ်အစားအစာ၊ ပန်းအလှပြင် (အခြေခံ/အဆင့်မြင့်)၊ ပန်းပွင့်ပန်းခိုင်ပြုလုပ်နည်း၊ စက်ကလေးပန်းထိုး၊ စက်ကြီးပန်းထိုး ဘာသာရပ်များ သင်ကြားမည်ဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

အလက(၃) မိတ္ထီလာ အာစရိယပူဇော်ပွဲ ကျင်းပမည်

နေပြည်တော် ဧပြီ ၂

မိတ္ထီလာမြို့ အမှတ်(၃)အခြေခံပညာ အလယ်တန်းကျောင်းတွင် တာဝန်ထမ်းဆောင်ခဲ့ပြီး အငြိမ်းစားယူသွားကြသော ဆရာကြီး ဆရာမကြီးများအား ကျောင်းသား ကျောင်းသူဟောင်းများက ပထမအကြိမ် အာစရိယပူဇော်ပွဲကို ဧပြီ ၂၁ ရက်တွင် အဆိုပါကျောင်း၌ ကျင်းပမည်ဖြစ်ရာ ကန်တော့ခံဆရာကြီး ဆရာမကြီးများနှင့် ကျောင်းသား ကျောင်းသူဟောင်းများ မပျက်မကွက် တက်ရောက်ကြပါရန်နှင့် ကျောင်းသား ကျောင်းသူဟောင်းများ အနေဖြင့် ပူဇော်ပွဲတွင် ကန်တော့ခံဆရာကြီး ဆရာမကြီးများအတွက် ဂါရဝပြုပစ္စည်းများ၊ ကျန်းမာရေးဆေးဝါးများနှင့် အလှူငွေများကို ဦးနေဝင်း(ကျောင်းအုပ်ကြီး) ဖုန်း-၀၆၄-၂၃၆၀၃၊ ဦးမြင့်မောင် ဖုန်း-၀၆၄-၂၅၆၄၇၊ ဒေါ်မိုးခိုင်ဆွေ ဖုန်း-၀၆၄-၂၃၆၇၇၊ ဒေါ်အေးမြစိုး ဖုန်း-၀၉-၄၇၁၁၂၃၄၈၊ ဦးမြတ်ခိုင်ဆွေ (ရန်ကုန်) ဖုန်း-၀၉-၅၀၃၅၄၄၇၊ ဦးမျိုးခိုင်ဆွေ ဖုန်း-၀၉-၆၅၇၀၂၈၀ နှင့် ဦးညွန့်ဇော် (မန္တလေး) ဖုန်း-၀၉-၂၀၅၁၆၈၃ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

ရန်ကုန်မြို့ မင်္ဂလာဒုံမြို့နယ် ထောက်ကြန့်နေ ဦးအေးသောင်၊ ဒေါ်စောရှင် မိသားစုက မိဘများဖြစ်ကြသည့် ဦးညွန့်မောင်-ဒေါ်သန်းခင်တို့အား ရည်စူး၍ ဦးလှထွန်း မေတ္တာရိပ်မွန်(ကင်ဆာ) ဖောင်ဒေးရှင်း အတွင်းလူနာ(ကင်ဆာ) ဗဟိုသို့ အလှူငွေကျပ်ငါးသိန်း လှူဒါန်းစဉ်။

(ကြေးမုံ)

ဒေသခံပြည်သူများ သောက်သုံးရေနှင့် စိုက်ပျိုးရေပေးဝေနေသည့် မွန်ပြည်နယ် သထုံမြို့က ဝါးပါး ရေလှောင်တမံကို တွေ့ရစဉ်။

မွန်ပြည်နယ်အတွင်းရှိ ဒေသခံတိုင်းရင်းသားပြည်သူများအတွက် သောက်သုံးရေနှင့် စိုက်ပျိုးရေရရှိရေး ပေးဝေလျက်ရှိသော ဆည်တမံများ

ဒေသခံတောင်သူများ မိုးစပါး၊ နွေစပါးများ စိုက်ပျိုးရန် အောင်ရေပေးဝေလျက်ရှိသော မွန်ပြည်နယ် သထုံခရိုင် သထုံမြို့နယ် ဆိပ်ကျွန်းကျေးရွာအနီးရှိ ဆိပ်ကျွန်းရေထိန်းတံခါးကို တွေ့ရစဉ်။



မွန်ပြည်နယ်၏ စိုက်ပျိုးရေးစွမ်းအား ဆပွားတိုးတက်အောင် ဆည်တမံများတည်ဆောက် အကောင်အထည်ဖော် ဆောင်ရွက်ပေးခဲ့ရာ မိုးစပါးသာမက နွေစပါးနှင့် ပဲမျိုးစုံပါ တိုးချဲ့စိုက်ပျိုး အကျိုးပြုလျက်ရှိသည့် ရင်းငြိမ်ရေထိန်းတံခါးကို တွေ့ရစဉ်။

မွန်ပြည်နယ်တွင် အခြားသောပြည်နယ်နှင့် တိုင်းဒေသကြီးများကဲ့သို့ စိုက်ပျိုးရေးလုပ်ငန်းများ အရှိန်အဟုန်ဖြင့် တိုးတက်စေရန် နေရာအနှံ့ ဆည်တမံများ စုဖွဲ့တည်ဆောက်ပေးလျက်ရှိရာ ဒေသခံ တောင်သူများ ရာသီမရွေး စိုက်ပျိုးနိုင်ရေးအတွက် ပေါင်မြို့နယ် ကတိုက်ကျေးရွာအနီး တည်ဆောက် ပေးထားသည့် ကတိုက်ရေလှောင်တမံကလည်း စိုက်ပျိုးရေဖြန့်ဝေရန် ဤသို့ အသင့်ရှိနေသည်။

သတင်းမှတ်စု - မောင်ငြိမ်းအေး

☆ ရှေ့ဖုံးမှ

လုပ်ကိုင်ရန်အလို့ငှာ အရင်းအနှီး မတည်စိုက်ထုတ်၍ လုပ်ငန်းလုပ်ကိုင်ချိန် တစ်လျှောက်လုံး ကိုယ်တိုင်လုပ်ကိုင်သူ သို့မဟုတ် ကြီးကြပ်စီမံလုပ်ကိုင်သူ၊

(၄) မြေကိုအသုံးပြု၍ စိုက်ပျိုးရေး၊ မွေးမြူရေးဆိုင်ရာ လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နေသူ၊

(၅) စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများနှင့် ယင်းတို့နှင့်ဆက်နွယ်လျက်ရှိသော ထုတ်လုပ်မှုလုပ်ငန်းအလို့ငှာ မြေကိုအသုံးပြု၍ ပျိုးပင်၊ မျိုးစေ့၊ မျိုးနှင့် သားပေါက်များ ကိုယ်တိုင်ထုတ်လုပ်ရောင်းချသူ၊

(စ) **တောင်သူလယ်သမားအိမ်ထောင်သားစု** ဆိုသည်မှာ သွေးသားတော်စပ်၍ဖြစ်စေ၊ အိမ်ထောင်မှုဖြင့် တော်စပ်၍ဖြစ်စေ၊ အတူတကွနေထိုင်လျက် ၎င်းအိမ်ထောင်သားစုတွင် အကြီးအကဲဖြစ်သူ တောင်သူလယ်သမားတစ်ဦး၏ မိသားစုဝင်များကို ဆိုသည်။

(ဆ) **အိမ်ထောင်သားစုအကြီးအကဲ** ဆိုသည်မှာ အိမ်ထောင်သားစုတစ်စု၏ အကြီးအကဲဖြစ်၍ ထိုအိမ်ထောင်သားစုတွင် လုပ်ငန်းများကို ခေါင်းဆောင်လုပ်ကိုင်သူကိုဆိုသည်။

(ဇ) **အဆောက်အအုံဖြင့် တိုးတက်ကောင်းမွန်စေရန်ပြုပြင်ခြင်း** ဆိုသည်မှာ လယ်ယာမြေကို လက်ရှိလုပ်ပိုင်ခွင့်ရှိသူ၏ သို့မဟုတ် ထိုလုပ်ပိုင်ခွင့်ရှိသူ၏ လက်ရှိမရမီ ယင်းလယ်ယာမြေကို အခြားလုပ်ပိုင်ခွင့်ရှိသူများ၏ စရိတ်ဖြင့်သော်လည်းကောင်း၊ လုပ်အားဖြင့် သော်လည်းကောင်း၊ ပြုပြင်ခြင်းကြောင့် လယ်ယာမြေ၏ တန်ဖိုးကို ထာဝစဉ်မြင့်စေသည့် ပြုပြင်ခြင်းကို ဆိုလိုသည်။ ယင်းစကားရပ်တွင် လယ်ယာလုပ်ကိုင်သူနေထိုင်ရန် သို့မဟုတ် လယ်ယာလုပ်ငန်းကို အထောက်အပံ့ဖြစ်စေရန် တည်ဆောက်ပြုလုပ်ထားသော အဆောက်အအုံ၊ ရေထုတ်ရေသွင်းအတွက် လုပ်ဆောင်ထားမှုများ၊ ဆည်မြောင်းများ၊ ကန်များ၊ ရေတွင်းများ၊ ရေကာတာများ၊ လမ်းများနှင့် အခြားသော ထာဝစဉ် တိုးတက်ကောင်းမွန်စေရန် ပြုလုပ်သည့် လုပ်ဆောင်မှုများ ပါဝင်သည်။ သို့ရာတွင် ထွန်ယက်စိုက်ပျိုးရေးအတွက် မြေရှင်းခြင်း၊ ကန်သင်းပြုလုပ်ခြင်းနှင့် ထာဝစဉ်မတည်မြဲသည့် တိုးတက်ကောင်းမွန်စေရန် ပြုပြင်သော လုပ်ဆောင်ထားမှုများမပါဝင်။

(ဈ) **အုပ်ထိန်းသူ** ဆိုသည်မှာ အရွယ်မရောက်သော သူကိုသော်လည်းကောင်း၊ စိတ်ပေါ့သွပ်သူကို သော်လည်းကောင်း၊ ထိုသူတစ်ဦးဦး၏ ပစ္စည်းကို သို့မဟုတ် ပစ္စည်းနှင့်တကွ လူကိုသော်လည်းကောင်း၊ အုပ်ထိန်းစောင့်ရှောက်ရေးအတွက် သက်ဆိုင်ရာစီရင်ပိုင်ခွင့်အာဏာရှိသည့် တရားရုံးက ခန့်အပ်သူကို ဆိုသည်။

(ည) **တောင်သူလယ်သမားအဖွဲ့အစည်း** ဆိုသည်မှာ ကျေးလက်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် အထောက်အကူပြုစေရန် ထုတ်ပြန်ထားသော ဥပဒေတစ်ရပ်ရပ်နှင့်အညီ ဖွဲ့စည်းထားသော တောင်သူလယ်သမားအဖွဲ့အစည်းကို ဆိုသည်။

(ဋ) **ဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စုအစိုးရအဖွဲ့ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနကို ဆိုသည်။

(ဌ) **ဦးစီးဌာန** ဆိုသည်မှာ ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာနကို ဆိုသည်။

အခန်း(၂)
လယ်ယာမြေကို လုပ်ပိုင်ခွင့်ပြုခြင်း

၄။ လယ်ယာမြေကို အသုံးပြုခွင့်ရရှိထားသူသည် လယ်ယာမြေလုပ်ပိုင်ခွင့် ရရှိရန် သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့မှတစ်ဆင့် မြို့နယ်ဦးစီးဌာနရုံးသို့ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားရမည်။

၅။ မြို့နယ်ဦးစီးဌာနရုံးသည် ပုဒ်မ ၄ အရ လယ်ယာမြေလုပ်ပိုင်ခွင့်ရရှိရန် လျှောက်ထားချက်နှင့် စပ်လျဉ်း၍သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီး သက်ဆိုင်ရာ မြို့နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ တင်ပြရမည်။

၆။ မြို့နယ်လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့သည် ဤဥပဒေအာဏာတည်သည့်နေ့ရက်တွင် တည်ရှိနေသော လယ်ယာမြေများနှင့်စပ်လျဉ်း၍ အောက်ပါလူပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းအား သက်ဆိုင်ရာ ခရိုင်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ သဘောတူညီချက်ဖြင့် မြို့နယ်ဦးစီးဌာနရုံးတွင် သတ်မှတ်ချက်များနှင့်အညီ မှတ်ပုံတင်ကြေးပေးဆောင်စေ၍ မှတ်ပုံတင်ပြီး လယ်ယာမြေလုပ်ပိုင်ခွင့်ပြု လက်မှတ်ထုတ်ပေးရမည်-

(က) လူပုဂ္ဂိုလ်ဖြစ်ပါက-

(၁) လယ်ယာမြေကို အသုံးပြုခွင့်ရရှိထားသော ထိုအိမ်ထောင်စုသည် တောင်သူလယ်သမား အိမ်ထောင်သားစု သို့မဟုတ် အိမ်ထောင်သားစုဝင်ဖြစ်ရမည်။

(၂) လယ်ယာမြေကို အသုံးပြုခွင့်ရရှိထားသော ထိုအိမ်ထောင်သားစု အကြီးအကဲ သို့မဟုတ် ထိုအိမ်ထောင်သားစုတွင် ပါဝင်သူတစ်ဦး သို့မဟုတ် အုပ်ထိန်းသူသည် ဤဥပဒေပြဋ္ဌာန်းအတည်မပြုမီ တည်ဆဲမြေယာဥပဒေများနှင့်အညီ တရားဝင်လက်ရှိလက်ငုတ် လုပ်ကိုင်နေသူဖြစ်ရမည်။

(၃) ဤဥပဒေပြဋ္ဌာန်းပြီးနောက် ဤဥပဒေနှင့်ဖြစ်စေ၊ ဤဥပဒေအရ ပြုသည့် နည်းဥပဒေပြဋ္ဌာန်းချက်များနှင့်အညီဖြစ်စေ တရားဝင် အကျိုးခံစားခွင့်ရရှိသူဖြစ်ရမည်။

(၄) အသက်(၁၈)နှစ် ပြည့်ပြီးသူ ဖြစ်ရမည်။

(၅) နိုင်ငံသား၊ ဧည့်နိုင်ငံသား သို့မဟုတ် နိုင်ငံသားပြုခွင့်ရသူ ဖြစ်ရမည်။

(ခ) အဖွဲ့အစည်းဖြစ်ပါက လယ်ယာမြေကို အသုံးပြုခွင့်ရရှိထားသော အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၊ အစိုးရမဟုတ်သောအဖွဲ့အစည်း၊ ကုမ္ပဏီ သို့မဟုတ် အသင်းအဖွဲ့ဖြစ်ရမည်။

၇။ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သည် ဤဥပဒေအာဏာတည်ပြီးနောက် လယ်ယာမြေလုပ်ပိုင်ခွင့် ပြန်လည်သိမ်းယူသော လယ်ယာမြေနှင့် နိုင်ငံတော်က အခါအားလျော်စွာ ဖော်ထုတ်သော လယ်ယာမြေများနှင့်စပ်လျဉ်း၍ အောက်ပါ လူပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းကို ခရိုင်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ သဘောတူညီချက်ဖြင့် မြို့နယ်ဦးစီးဌာနရုံးတွင် သတ်မှတ်ချက်များနှင့်အညီ မှတ်ပုံတင်ကြေးပေးဆောင်စေ၍ မှတ်ပုံတင်ပြီး လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ထုတ်ပေးရမည်-

(က) လူပုဂ္ဂိုလ်ဖြစ်ပါက-

(၁) လယ်ယာမြေကိုအသုံးပြု၍ စိုက်ပျိုးရေးလုပ်ငန်းတွင် ပါဝင်ဆောင်ရွက်နေသူဖြစ်ရမည်။

(၂) အကြောင်းထူးမရှိလျှင် သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုတွင် အခြေချနေထိုင်သူဖြစ်ရမည်။

(၃) အသက်(၁၈)နှစ် ပြည့်ပြီးသူဖြစ်ရမည်။

(၄) နိုင်ငံသား၊ ဧည့်နိုင်ငံသား သို့မဟုတ် နိုင်ငံသားပြုခွင့်ရသူ ဖြစ်ရမည်။

(ခ) အဖွဲ့အစည်းဖြစ်ပါက လယ်ယာမြေတွင် စိုက်ပျိုးရေးလုပ်ငန်းကို အမှန်တကယ်လုပ်ကိုင်လိုသော အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၊ အစိုးရမဟုတ်သော အဖွဲ့အစည်း၊ ကုမ္ပဏီ သို့မဟုတ် အသင်းအဖွဲ့ ဖြစ်ရမည်။

၈။ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သည် ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ လယ်ယာမြေလုပ်ပိုင်ခွင့်ကို ဝယ်ယူခြင်း၊ လဲလှယ်ရယူခြင်း သို့မဟုတ် ပေးကမ်းသည်ကို လက်ခံခြင်းပြုသူအားလည်းကောင်း၊ အမွေဆက်ခံခြင်းဖြင့် လယ်ယာမြေလုပ်ပိုင်ခွင့်ကို ရရှိသူအားလည်းကောင်း၊ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းလုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရရှိ၍ စိုက်ပျိုးမြေအဖြစ် ဖော်ထုတ်စိုက်ပျိုးပြီးနောက် ဤဥပဒေနှင့်အညီ လယ်ယာမြေလုပ်ပိုင်ခွင့် လျှောက်ထားသူအားလည်းကောင်း မြို့နယ်ဦးစီးဌာနရုံးတွင် သတ်မှတ်ချက်များနှင့်အညီ မှတ်ပုံတင်ကြေးပေးဆောင်စေ၍ မှတ်ပုံတင်ပြီး လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ထုတ်ပေးရမည်။

အခန်း(၃)
လယ်ယာမြေ လုပ်ပိုင်ခွင့်ရရှိသူ၏ အခွင့်အရေးများ

၉။ လယ်ယာမြေလုပ်ပိုင်ခွင့်ရရှိသူသည် အောက်ပါအခွင့်အရေးများကို ရရှိစေရမည်-

(က) လယ်ယာမြေကို လက်ရှိထားပိုင်ခွင့်၊ လယ်ယာမြေ လုပ်ပိုင်ခွင့်၊ ယင်းသို့ လုပ်ပိုင်ခွင့်မှ ပေါ်ထွက်လာသည့် အကျိုးအမြတ်ကို ခံစားပိုင်ခွင့်၊

(ခ) လယ်ယာမြေကို အားလုံးဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းဖြစ်စေ၊ လုပ်ပိုင်ခွင့်အား သတ်မှတ်ထားသော စည်းကမ်းချက်များနှင့်အညီ ရောင်းချခွင့်၊ ပေါင်နှံခွင့်၊ ငှားရမ်းခွင့်၊ လဲလှယ်ခွင့်နှင့် ပေးကမ်းခွင့်၊

(ဂ) လယ်ယာမြေလုပ်ပိုင်ခွင့်ကို အမွေဆက်ခံခြင်းနှင့် စပ်လျဉ်း၍ အငြင်းပွားမှု ပေါ်ပေါက်လာပါက တည်ဆဲဥပဒေနှင့်အညီ သက်ဆိုင်ရာတရားရုံး၏ အဆုံးအဖြတ်ခံယူနိုင်ခွင့်၊

(ဃ) သတ်မှတ်သည့် စည်းကမ်းချက်များကို ဖောက်ဖျက်ခြင်းမရှိသရွေ့ လယ်ယာမြေလုပ်ပိုင်ခွင့်၊

(င) လယ်ယာမြေတွင် စိုက်ပျိုးရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျေးလက်သမဝါယမအသင်း၏ ရင်းနှီးမြှုပ်နှံမှုနှင့်လည်းကောင်း၊ ပုဂ္ဂလိကရင်းနှီးမြှုပ်နှံသူများနှင့် လည်းကောင်း အကျိုးတူလုပ်ကိုင်ခွင့်၊

(စ) လယ်ယာမြေတွင် နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားသားပါဝင်သော အဖွဲ့အစည်းနှင့် ပူးပေါင်း၍ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ အကျိုးတူလုပ်ကိုင်ခွင့်။

၁၀။ ဤဥပဒေ ပုဒ်မ ၄၊ ၅၊ ၆၊ ၇၊ ၈ နှင့် ၉ တို့ပါ ပြဋ္ဌာန်းချက်များသည် မြေနုကျွန်းချထားခြင်းနှင့် မသက်ဆိုင်စေရ။

၁၁။ မြေနုကျွန်းချထားရေး ကိစ္စရပ်များအတွက် ဤဥပဒေအရပြုသည့် နည်းဥပဒေတွင် ထည့်သွင်းပြဋ္ဌာန်းရမည်။

အခန်း(၄)
လယ်ယာမြေလုပ်ပိုင်ခွင့်ရရှိသူ လိုက်နာရမည့် စည်းကမ်းချက်များ

၁၂။ လယ်ယာမြေလုပ်ပိုင်ခွင့် ရရှိသူသည်-

(က) ဤဥပဒေတွင် ပြဋ္ဌာန်းထားသည့်အတိုင်း လယ်ယာမြေကို လုပ်ကိုင်ရမည်။

(ခ) လယ်ယာမြေနှင့်စပ်လျဉ်း၍ ဝန်ကြီးဌာနက စည်းကြပ်သောမြေခွန်နှင့် အခြား အခွန်အခများကို ပေးဆောင်ရမည်။

(ဂ) လယ်ယာမြေလုပ်ပိုင်ခွင့်ကို ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ လဲလှယ်ခြင်းနှင့် ပေးကမ်းခြင်းတို့ကို ဆောင်ရွက်သည့်အခါ ဦးစီးဌာနက သတ်မှတ်သည့် တံဆိပ်ခေါင်းခွန်နှင့် စာချုပ်စာတမ်းမှတ်ပုံတင်ခတို့ကို ပေးဆောင်၍ သက်ဆိုင်ရာ မြို့နယ်ဦးစီးဌာနရုံးတွင် မှတ်ပုံတင်ရမည်။

(ဃ) တည်ဆဲဥပဒေနှင့်အညီ အမွေဆက်ခံခြင်းဖြင့် လယ်ယာမြေလုပ်ပိုင်ခွင့်ကို ရရှိသည့်အခါ သတ်မှတ်ချက်များနှင့်အညီ သက်ဆိုင်ရာမြို့နယ် ဦးစီးဌာနရုံးတွင် မှတ်ပုံတင်ရမည်။

(င) စိုက်ပျိုးထုတ်လုပ်မှု အရင်းအနှီးအတွက်သာ လယ်ယာမြေလုပ်ပိုင်ခွင့်ကို ပေါင်နှံခွင့်ရှိပြီး အစိုးရဘဏ် သို့မဟုတ် အစိုးရကအသိအမှတ်ပြုသော ဘဏ်တွင်သာ ပေါင်နှံရမည်။

(စ) သက်ဆိုင်ရာလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့က တရားဝင်ချထားခြင်းမရှိဘဲ ကျူးကျော်လုပ်ကိုင်ခြင်းမပြုရ။

(ဆ) လယ်ယာမြေကို ခွင့်ပြုမိန့်မရရှိဘဲ အခြားနည်းသုံးစွဲခြင်းမပြုရ။

(ဇ) လယ်ယာမြေကို မူလစိုက်ပျိုးလျက်ရှိသော သီးနှံအမျိုးအစားမှ အခြားသီးနှံအမျိုးအစားသို့ ခွင့်ပြုချက်မရှိဘဲ ပြောင်းလဲစိုက်ပျိုးခြင်းမပြုရ။

(ဈ) ခိုင်လုံသောအကြောင်းပြချက်မရှိဘဲ လယ်ယာမြေကို လှပ်ထားခြင်းမပြုရ။

(ည) လယ်ယာမြေလုပ်ပိုင်ခွင့်မရမီကာလအတွင်း သို့မဟုတ် လယ်ယာမြေလုပ်ပိုင်ခွင့်နှင့် စပ်လျဉ်း၍ အငြင်းပွားမှု ဖြစ်ပေါ်နေသော ကာလအတွင်း လယ်ယာမြေကို ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ လဲလှယ်ခြင်း သို့မဟုတ် ပေးကမ်းခြင်းမပြုရ။

၁၃။ ဤဥပဒေအာဏာတည်ပြီးသည့်နောက် လယ်ယာမြေလုပ်ပိုင်ခွင့် အငြင်းပွားမှု အရှုပ်အရှင်းဖြစ်လာလျှင် ဦးစီးဌာနတွင် မှတ်ပုံတင်ထားပြီးမှသာ တရားဝင် ဖြေရှင်းဆောင်ရွက်နိုင်ခွင့်ရှိသည်။

၁၄။ လယ်ယာမြေလုပ်ပိုင်ခွင့်ရရှိသူသည် လယ်ယာမြေလုပ်ပိုင်ခွင့်အားလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းကိုဖြစ်စေ နိုင်ငံတော်အစိုးရ၏ ခွင့်ပြုချက်မရရှိဘဲ မည်သည့် နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားသားပါဝင်သည့် အဖွဲ့အစည်းကိုမျှ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ လဲလှယ်ခြင်း သို့မဟုတ် ပေးကမ်းခြင်းမပြုရ။

အခန်း(၅)
လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ အဆင့်ဆင့်ဖွဲ့စည်းခြင်း

၁၅။ ပြည်ထောင်စုအစိုးရအဖွဲ့သည်-

(က) လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီးက ဒုတိယဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က အတွင်းရေးမှူးအဖြစ်လည်းကောင်း၊ သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများမှ အကြီးအမှူးများက အဖွဲ့ဝင်များအဖြစ် လည်းကောင်း ပါဝင်သော ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ကို ဖွဲ့စည်းရမည်။

(ခ) ပုဒ်မခွဲ(က)အရ ဖွဲ့စည်းသော ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ကို အခါအားလျော်စွာ ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၁၆။ ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သည်-

(က) အောက်ပါလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ အဆင့်ဆင့်ကို ဖွဲ့စည်းပေးရမည်-

(၁) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၊

(၂) ခရိုင်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၊

(၃) မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၊

(၄) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့။

(ခ) ပုဒ်မခွဲ(က)အရ ဖွဲ့စည်းသော လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ အဆင့်ဆင့်ကို အခါအားလျော်စွာ ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

အခန်း(၆)
ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၁၇။ ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ခရိုင်၊ မြို့နယ်နှင့် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အဆင့်ဆင့်တို့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များကိုသတ်မှတ်ခြင်း၊

(ခ) လယ်ယာမြေလုပ်ပိုင်ခွင့် မှတ်ပုံတင်ခြင်း၊ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ထုတ်ပေးခြင်း၊ လယ်ယာမြေလုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ပေးခြင်းနှင့် အငြင်းပွားမှု ဖြေရှင်းခြင်းတို့နှင့်စပ်လျဉ်း၍ လမ်းညွှန်ခြင်းနှင့် ကြီးကြပ်ကွပ်ကဲခြင်း၊

(ဂ) လယ်ယာမြေလုပ်ပိုင်ခွင့်ကို ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ လဲလှယ်ခြင်း၊ ပေးကမ်းခြင်းတို့နှင့် စပ်လျဉ်း၍ ဆောင်ရွက်သည့် ကိစ္စရပ်များကို လမ်းညွှန်ခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်း၊

(ဃ) ပုဒ်မ ၁၉၊ ပုဒ်မခွဲ(ဂ)နှင့် (ဃ)တို့ပါ စီမံခန့်ခွဲရေး ပြစ်ဒဏ်တစ်ရပ်ရပ် ချမှတ်ခြင်းခံရသူ၏ လယ်ယာမြေလုပ်ပိုင်ခွင့်ကိုလည်းကောင်း၊ ပုဒ်မ ၃၁ နှင့်အကျုံးဝင်သော လယ်ယာမြေကိုလည်းကောင်း၊ ပုဒ်မ ၃၇အရ ပြစ်ဒဏ်ချမှတ်ခြင်း ခံရသူ၏ လယ်ယာမြေလုပ်ပိုင်ခွင့်ကို လည်းကောင်း ပြန်လည်ရုပ်သိမ်းခြင်း၊

(င) ကျေးလက်ဒေသများနှင့် မြို့ပြဒေသများတွင် တိုးတက်လျက်ရှိသော လူဦးရေနှင့် တိုးပွားလာသော အိမ်ထောင်စုများအတွက် အိမ်ရာ တည်ဆောက်ရန် လိုအပ်ချက်အရ လယ်ယာမြေကိုအသုံးပြုရန် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ ကျေးလက်နှင့် မြို့ပြအိမ်ရာစီမံကိန်းများနှင့် စပ်လျဉ်းသည့် တင်ပြချက်များကို စိစစ်၍အတည်ပြုခြင်း၊

(စ) ကျေးလက်နေပြည်သူလူထု၏ လူနေမှုဘဝဖွံ့ဖြိုးတိုးတက်ရေးနှင့် သက်ဆိုင်သည့် စာသင်ကျောင်း၊ ကျန်းမာရေးဌာန၊ ဆေးရုံ၊ ဆေးပေးခန်း၊ စာကြည့်တိုက်၊ ကျေးလက်ဈေး၊ သုသာန်နှင့်အခြားလိုအပ်သော အဆောက်အအုံများအတွက် လယ်ယာမြေကို အသုံးပြုရန်ကိစ္စနှင့် စပ်လျဉ်း၍ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ တင်ပြချက်ကို စိစစ်ပြီး အတည်ပြုခြင်း၊

(ဆ) လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် လက်မှုလယ်ယာမှ ခေတ်မီစက်မှုလယ်ယာစနစ်သို့ ကူးပြောင်းရာတွင်လိုအပ်သည့် လယ်ယာသုံးစက်နှင့် စက်ကိရိယာများထားရှိခြင်း၊ ဆန်စက်များ၊ သီးနှံသိုလှောင်သည့် ဂိုဒေါင်များ၊ လိုအပ်သောကုန်ထုတ်လမ်းများနှင့် အခြေခံအဆောက်အအုံများ တည်ဆောက်ရာတွင် လယ်ယာမြေကို အသုံးပြုရန်ကိစ္စနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ တင်ပြချက်ကို စိစစ်ပြီး အတည်ပြုခြင်း၊

(ဇ) လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လက်မှုလယ်ယာစနစ်မှ ခေတ်မီစက်မှုလယ်ယာစနစ်သို့ ကူးပြောင်းနိုင်ရန် လယ်ယာမြေပြုပြင်ခြင်းလုပ်ငန်းများအတွက် လယ်ယာမြေကို အသုံးပြုရန်ကိစ္စနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ တင်ပြချက်ကို စိစစ်ပြီး အတည်ပြုခြင်း၊

(ဈ) မြေနုကျွန်း လုပ်ပိုင်ခွင့်ချထားရေးနှင့် ယင်းလုပ်ပိုင်ခွင့်ရရှိသူများ၏ အခွင့်အရေးဆိုင်ရာမူဝါဒများ ချမှတ်ခြင်း၊ လမ်းညွှန်ခြင်းနှင့် ကြီးကြပ်ကွပ်ကဲခြင်း၊

(ည) ရွှေ့ပြောင်းတောင်ယာ ခုတ်ထွင်စိုက်ပျိုးရေးလုပ်ငန်းနှင့်စပ်လျဉ်း၍ လမ်းညွှန်ခြင်းနှင့် ကြီးကြပ်ကွပ်ကဲခြင်း၊

(ဋ) လယ်ယာမြေနှင့်စပ်လျဉ်း၍ ပြည်ထောင်စုအစိုးရအဖွဲ့က အခါအားလျော်စွာပေးအပ်သည့် လုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း။

၁၈။ ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သည် ဤဥပဒေပါ ပြဋ္ဌာန်းချက်များအရ လယ်ယာမြေလုပ်ပိုင်ခွင့်ကို ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ လဲလှယ်ခြင်းနှင့် ပေးကမ်းခြင်းကိစ္စရပ်များအတွက် နှစ်ဦးသဘောတူစာချုပ်ကို ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ ရှေ့မှောက်တွင် ချုပ်ဆို၍ သက်ဆိုင်ရာ မြို့နယ်ဦးစီးဌာနရုံး၌ မှတ်ပုံတင်ရာတွင် လယ်ယာမြေတန်ဖိုးကို ဒေသန္တရအခြေအနေအရ ဆီလျော်သောနှုန်းထားဖြစ်စေရန် သင့်လျော်သည့် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အား လုပ်ပိုင်ခွင့်အပ်နှင်းနိုင်သည်။

အခန်း(၇)
စည်းကမ်းချက်များကို လိုက်နာရန် ပျက်ကွက်၍ အရေးယူခြင်း

၁၉။ ဤဥပဒေ ပုဒ်မ ၁၂ ပါ စည်းကမ်းချက်အားလုံးကိုဖြစ်စေ၊ စည်းကမ်းချက်တစ်ခုခုကိုဖြစ်စေ လိုက်နာရန်ပျက်ကွက်လျှင်
သည့် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သည် ဤဥ
နည်းဥပဒေများနှင့်အညီ စုံစမ်းစစ်ဆေးပြီးနေ
ကိုဖြစ်စေ၊ တစ်ရပ်ထက်ပို၍ဖြစ်စေ ချမှတ်နိုင်

(က) သတ်မှတ်သည့်ဒဏ်ကြေးငွေ
(ခ) သတ်မှတ်သည့်နည်းလမ်းအတိုင်
(ဂ) လယ်ယာမြေပေါ်မှ နှင်ထုတ်
(ဃ) လယ်ယာမြေပေါ်တွင် ခွင့်ပြု
အဆောက်အအုံများကို ဖယ်ရှ

၂၀။ ပုဒ်မ ၁၉ ပါ လယ်ယာမြေစီမံခန့်ခွဲမှုအ
အမိန့်ကို လယ်ယာမြေလုပ်ပိုင်ခွင့်ရရှိသူက လို
မှတ်ရက်ကျော်လွန်ပါက သက်ဆိုင်ရာတရား
စွဲဆိုနိုင်သည်။

၂၁။ လယ်ယာမြေလုပ်ပိုင်ခွင့်ရရှိသူသည် ဝန်
အခွန်အခများကို ပေးဆောင်ရန် ပျက်ကွက်
ထိုအခွန်အခများကို မြေခွန်မပြေ ကျန်ငွေဖြ

အခန်း(၈
လယ်ယာမြေလုပ်ပိုင်ခွင့် အငြင်းပွား

၂၂။ လယ်ယာမြေ လုပ်ပိုင်ခွင့်နှင့်စပ်လျဉ်း၍
ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သ
ခြင်း၊ ကြားနာခြင်းနှင့် ဆုံးဖြတ်ခြင်းပြုရမည်၊

၂၃။ (က) ရပ်ကွက်နှင့်ကျေးရွာအုပ်စု လယ
အရ ချမှတ်သောအမိန့် သို့မဟု
ယင်းအမိန့် သို့မဟုတ် ဆုံးဖြတ်
၃၀ အတွင်း သက်ဆိုင်ရာ မြ
သတ်မှတ်ချက်များနှင့်အညီ အ

(ခ) မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအ
လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့က
ချက်ကို အတည်ပြုခြင်း၊ ပြင်ဆ
သည်။

၂၄။ (က) ပုဒ်မ ၂၃၊ ပုဒ်မခွဲ(ခ)အရ မြို့နယ်
သောအမိန့် သို့မဟုတ် ဆုံးဖြတ်
သို့မဟုတ် ဆုံးဖြတ်ချက်ကို ချမှ
သက်ဆိုင်ရာခရိုင် လယ်ယာမြေ
နှင့်အညီ အယူခံနိုင်သည်။

(ခ) ခရိုင်လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ
အဖွဲ့က ချမှတ်သည့်အမိန့် သို့မ
ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျ

၂၅။ (က) ပုဒ်မ ၂၄၊ ပုဒ်မခွဲ(ခ)အရ ခရိုင်
သောအမိန့် သို့မဟုတ် ဆုံးဖြတ်
သို့မဟုတ် ဆုံးဖြတ်ချက်ကို ချမှ
သက်ဆိုင်ရာ တိုင်းဒေသကြီး
စီမံခန့်ခွဲမှုအဖွဲ့သို့ သတ်မှတ်ချ

(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်
ခရိုင်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့
ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း
ခြင်းပြုနိုင်သည်။

(ဂ) တိုင်းဒေသကြီး သို့မဟုတ် ပြ
ဆုံးဖြတ်ချက်သည် အပြီးအပြတ်

အခန်း(၉
နစ်နာကြေးနှင့် ေ

၂၆။ တည်ဆဲဥပဒေတစ်ရပ်ရပ်တွင် မည်သို့
ဖြစ်စေ၊ အများပြည်သူအကျိုးငှာဖြစ်စေ
လယ်ယာမြေပေါ်၌ အဆောက်အအုံဖြင့် တ
အပါအဝင် မူလလယ်ယာမြေ လုပ်ပိုင်ခွင့်ရရှိ
များအတွက် နစ်နာမှုလုံးဝမရှိစေရန် လျော်
စီမံဆောင်ရွက်ခြင်းတို့ကို သက်ဆိုင်ရာက ပြ
လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သည် လိုအပ်သ

၂၇။ ပုဒ်မ ၁၇၊ ပုဒ်မခွဲ(ဃ)အရ ဗဟိုလယ်
လုပ်ပိုင်ခွင့်ကိုလည်းကောင်း၊ လယ်ယာမြေကို
ခံရသူသည် လျော်ကြေးရထိုက်ခွင့်မရှိစေရ။

အခန်း(၁
လယ်ယာမြေကို

၂၈။ မူလစိုက်ပျိုးလျက်ရှိသည့် သီးနှံအမျိုး
ပြောင်းလဲစိုက်ပျိုးခွင့်ပြုရန် လျှောက်ထားချက်

(က) ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ
သီးနှံဖြစ်သည့် ဆန်စပါးဖူ
သတ်မှတ်ချက်များနှင့်အညီ
ပြောင်းလဲစိုက်ပျိုးရန် ခွင့်ပြုနိုင်

(ခ) သက်ဆိုင်ရာတိုင်းဒေသကြီး သို့
ခွဲမှုအဖွဲ့သည် လယ်မြေမှတစ်ပ
စိုက်ပျိုးရန်ဖြစ်ပါက သတ်မှတ်
သည်။

၂၉။ နိုင်ငံတော်၏ ရေရှည်အမျိုးသားအက
ကြီးများအတွက် လယ်ယာမြေကို အခြားနည်
အကောင်အထည်ဖော်မည့် ဝန်ကြီးဌာနသည်
သဘောထားမှတ်ချက်ရယူပြီး ပြည်ထော
ဆောင်ရွက်နိုင်သည်။

၃၀။ အများပြည်သူအကျိုးငှာ လယ်ယာ
လျှောက်ထား ချက်နှင့်စပ်လျဉ်း၍-

တစ်ခုခုကိုဖြစ်စေ လိုက်နာရန်ပျက်ကွက်လျှင် ဝန်ကြီးဌာနက ဤကိစ္စအလို့ငှာ ခန့်အပ်သည့် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သည် ဤဥပဒေနှင့် ဤဥပဒေအရ ထုတ်ပြန်သော နည်းဥပဒေများနှင့်အညီ စုံစမ်းစစ်ဆေးပြီးနောက် အောက်ဖော်ပြပါ အမိန့်တစ်ရပ်ကိုဖြစ်စေ၊ တစ်ရပ်ထက်ပို၍ဖြစ်စေ ချမှတ်နိုင်သည်-

(က) သတ်မှတ်သည့်ဒဏ်ကြေးငွေ ပေးဆောင်စေခြင်း၊

(ခ) သတ်မှတ်သည့်နည်းလမ်းအတိုင်း လယ်ယာမြေကို ဆောင်ရွက်စေခြင်း၊

(ဂ) လယ်ယာမြေပေါ်မှ နှင်ထုတ်ထိုက်သူများကို နှင်ထုတ်ခြင်း၊

(ဃ) လယ်ယာမြေပေါ်တွင် ခွင့်ပြုချက်မရှိဘဲ ဆောက်လုပ်ထားသော အဆောက်အအုံများကို ဖယ်ရှားခြင်း။

၂၀။ ပုဒ်မ ၁၉ ပါ လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သည် ယင်းပုဒ်မအရ ချမှတ်သော အမိန့်ကို လယ်ယာမြေလုပ်ပိုင်ခွင့်ရရှိသူက လိုက်နာခြင်းမရှိလျှင် ယင်းအမိန့်ပါ သတ်မှတ်ရက်ကျော်လွန်ပါက သက်ဆိုင်ရာတရားရုံးသို့ ဦးတိုက်လျှောက်ထား တရားစွဲဆိုနိုင်သည်။

၂၁။ လယ်ယာမြေလုပ်ပိုင်ခွင့်ရရှိသူသည် ဝန်ကြီးဌာနက စည်းကြပ်ကောက်ခံသည့် အခွန်အခများကို ပေးဆောင်ရန် ပျက်ကွက်လျှင် တည်ဆဲဥပဒေများနှင့်အညီ ထိုအခွန်အခများကို မြေခွန်မပြေ ကျန်ငွေဖြစ်ဘိသကဲ့သို့ ကောက်ခံခြင်းခံရမည်။

အခန်း(၈)
လယ်ယာမြေလုပ်ပိုင်ခွင့် အငြင်းပွားမှုဖြေရှင်းခြင်းနှင့် အယူခံခြင်း

၂၂။ လယ်ယာမြေ လုပ်ပိုင်ခွင့်နှင့်စပ်လျဉ်း၍ အငြင်းပွားမှုကို ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သည် မူလမှုခင်းဖွင့်လှစ်၍ စုံစမ်းစစ်ဆေးခြင်း၊ ကြားနာခြင်းနှင့် ဆုံးဖြတ်ခြင်းပြုရမည်။

၂၃။ (က) ရပ်ကွက်နှင့်ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့က ပုဒ်မ ၂၂ အရ ချမှတ်သောအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို မကျေနပ်သူသည် ယင်းအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို ချမှတ်သည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း သက်ဆိုင်ရာ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ သတ်မှတ်ချက်များနှင့်အညီ အယူခံနိုင်သည်။

(ခ) မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သည် ရပ်ကွက်နှင့် ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့က ချမှတ်သည့်အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုနိုင်သည်။

၂၄။ (က) ပုဒ်မ ၂၃၊ ပုဒ်မခွဲ(ခ)အရ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့က ချမှတ်သောအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို မကျေနပ်သူသည် ယင်းအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို ချမှတ်သည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း သက်ဆိုင်ရာခရိုင် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ သတ်မှတ်ချက်များ နှင့်အညီ အယူခံနိုင်သည်။

(ခ) ခရိုင်လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့သည် မြို့နယ်လယ်ယာမြေ စီမံခန့်ခွဲမှု အဖွဲ့က ချမှတ်သည့်အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုနိုင်သည်။

၂၅။ (က) ပုဒ်မ ၂၄၊ ပုဒ်မခွဲ(ခ)အရ ခရိုင်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့က ချမှတ်သောအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို မကျေနပ်သူသည် ယင်းအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို ချမှတ်သည့်နေ့မှ ရက်ပေါင်း ၆၀ အတွင်း သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့သို့ သတ်မှတ်ချက်များနှင့်အညီ အယူခံနိုင်သည်။

(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သည် ခရိုင်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့က ချမှတ်သည့်အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုနိုင်သည်။

(ဂ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ် ဖြစ်စေရမည်။

အခန်း(၉)
နစ်နာကြေးနှင့် လျော်ကြေးများ

၂၆။ တည်ဆဲဥပဒေတစ်ရပ်ရပ်တွင် မည်သို့ပင်ပါရှိစေကာမူ နိုင်ငံတော်အကျိုးငှာ ဖြစ်စေ၊ အများပြည်သူအကျိုးငှာဖြစ်စေ သိမ်းယူသည့်လယ်ယာမြေနှင့် ယင်းလယ်ယာမြေပေါ်၌ အဆောက်အအုံဖြင့် တိုးတက်ကောင်းမွန်စေရန် ပြုပြင်ခြင်း အပါအဝင် မူလလယ်ယာမြေ လုပ်ပိုင်ခွင့်ရရှိထားသူ ဆောင်ရွက်ထားသည့်ကိစ္စရပ်များအတွက် နစ်နာမှုလုံးဝမရှိစေရန် လျော်ကြေးပေးခြင်းနှင့် အခြားနည်းလမ်းဖြင့် စီမံဆောင်ရွက်ခြင်းတို့ကို သက်ဆိုင်ရာက ပြုလုပ်ပေးနိုင်ရေးနှင့် စပ်လျဉ်း၍ ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သည် လိုအပ်သလို ညှိနှိုင်းဆောင်ရွက်ရမည်။

၂၇။ ပုဒ်မ ၁၇၊ ပုဒ်မခွဲ(ဃ)အရ ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့က လယ်ယာမြေ လုပ်ပိုင်ခွင့်ကိုလည်းကောင်း၊ လယ်ယာမြေကိုလည်းကောင်း ပြန်လည်ရုပ်သိမ်းခြင်း ခံရသူသည် လျော်ကြေးရထိုက်ခွင့်မရှိစေရ။

အခန်း(၁၀)
လယ်ယာမြေကို အသုံးချခြင်း

၂၈။ မူလစိုက်ပျိုးလျက်ရှိသည့် သီးနှံအမျိုးအစားမှ အခြားသီးနှံအမျိုးအစားသို့ ပြောင်းလဲစိုက်ပျိုးခွင့်ပြုရန် လျှောက်ထားချက်နှင့်စပ်လျဉ်း၍-

(က) ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သည် နိုင်ငံတော်၏ အဓိက စားသုံးသီးနှံဖြစ်သည့် ဆန်စပါးဖူလုံမှုကို ထိခိုက်မှုမရှိစေရေးအတွက် သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီးလယ်မြေတွင် အခြားသီးနှံ ပြောင်းလဲစိုက်ပျိုးရန် ခွင့်ပြုနိုင်သည်။

(ခ) သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သည် လယ်မြေမှတစ်ပါး လယ်ယာမြေတွင် သီးနှံပြောင်းလဲစိုက်ပျိုးရန်ဖြစ်ပါက သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီးခွင့်ပြုနိုင်သည်။

၂၉။ နိုင်ငံတော်၏ ရေရှည်အမျိုးသားအကျိုးစီးပွားအလို့ငှာ စီမံကိန်းလုပ်ငန်းကြီးများအတွက် လယ်ယာမြေကို အခြားနည်းဖြင့်အသုံးပြုရန် သက်ဆိုင်ရာ စီမံကိန်းအကောင်အထည်ဖော်မည့် ဝန်ကြီးဌာနသည် ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ သဘောထားမှတ်ချက်ရယူပြီး ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ဆောင်ရွက်နိုင်သည်။

၃၀။ အများပြည်သူအကျိုးငှာ လယ်ယာမြေကို အခြားနည်းဖြင့်အသုံးပြုရန် လျှောက်ထား ချက်နှင့်စပ်လျဉ်း၍-

(က) ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သည် လယ်မြေကို အခြားနည်းဖြင့် အသုံးပြုနိုင်ရေးအတွက် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ စိစစ်ထောက်ခံချက်ဖြင့် ခွင့်ပြုနိုင်သည်။

(ခ) သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့သည် လယ်မြေမှတစ်ပါး လယ်ယာမြေကို အခြားနည်းဖြင့် အသုံးပြုနိုင်ရေး အတွက် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လယ်ယာမြေစီမံခန့်ခွဲမှု အဖွဲ့၏ စိစစ်ထောက်ခံချက်ဖြင့် ခွင့်ပြုနိုင်သည်။

၃၁။ ပုဒ်မ ၃၀ အရ အခြားနည်းအသုံးပြုရန် ခွင့်ပြုချက်ရရှိပြီးနောက် ခွင့်ပြုသည့်နေ့ရက်မှ ခြောက်လအတွင်း လယ်ယာမြေကို သတ်မှတ်သည့် နည်းလမ်းအတိုင်း စတင်အသုံးမပြုလျှင်သော်လည်းကောင်း၊ သတ်မှတ်ကာလအတွင်း လုပ်ငန်းပြီးစီးခြင်းမရှိလျှင်သော်လည်းကောင်း ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှု အဖွဲ့သည် ယင်းလယ်ယာမြေကို ပြန်လည်သိမ်းယူနိုင်သည်။

အခန်း(၁၁)
လယ်ယာမြေကို စီမံခန့်ခွဲခြင်း

၃၂။ နိုင်ငံတော်အကျိုးဖြစ်ထွန်းစေမည့် စီမံကိန်းများအတွက် လယ်ယာမြေကို သိမ်းယူရာတွင် အနည်းဆုံး လိုအပ်သောပမာဏကိုသာ သိမ်းယူရမည်။ စီမံကိန်းအား သတ်မှတ်ကာလအတွင်း အမြန်ဆုံးပြီးစီးစေရန် အကောင်အထည်ဖော်ရမည်ဖြစ်ပြီး စီမံကိန်းများ ဆောင်ရွက်ခြင်းမပြုတော့ပါက မူလလယ်ယာမြေ လုပ်ပိုင်ခွင့်ရရှိထားသော ပုဂ္ဂိုလ်၊ အဖွဲ့အစည်းထံ ပြန်လည်ပေးအပ်ရမည်။

၃၃။ ပြည်ထောင်စုအစိုးရအဖွဲ့ကသော်လည်းကောင်း၊ ဤကိစ္စအလို့ငှာ ပြည်ထောင်စုအစိုးရအဖွဲ့က ခန့်အပ်သော အာဏာပိုင်ကသော်လည်းကောင်း၊ အခြားနည်း အမိန့်ဆင့်ဆိုသည်မှ တစ်ပါး ကျွဲ၊ နွား စားကျက်များနှင့် ရွာဘုံမြေများကို မပျက်စီးစေဘဲ ဆက်လက်ထားရှိရမည်။

၃၄။ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုကော်မတီက စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများအတွက် လုပ်ပိုင်ခွင့် သို့မဟုတ် အသုံးပြုခွင့်ပေးထားသည့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများနှင့်စပ်လျဉ်း၍ သီးနှံစိုက်ပျိုးထုတ်လုပ်မှု တည်ငြိမ်သည့်အခါ လယ်ယာမြေအဖြစ်ပြောင်းလဲသတ်မှတ်ပြီး ဤဥပဒေတွင် အကျုံးဝင်စေရမည်။

အခန်း(၁၂)
ပြစ်မှုနှင့် ပြစ်ဒဏ်များ

၃၅။ မည်သည့်လယ်ယာမြေ လုပ်ပိုင်ခွင့်ရရှိသူမဆို ပုဒ်မ ၁၉ အရ ချမှတ်သော အမိန့်ကိုဖြစ်စေ၊ ဤဥပဒေအရ လယ်ယာမြေလုပ်ပိုင်ခွင့် အငြင်းပွားမှုတွင် ချမှတ်သော အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကိုဖြစ်စေ လိုက်နာရန်ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကိုအနည်းဆုံး ခြောက်လမှ အများဆုံးနှစ်နှစ် အထိ ထောင်ဒဏ်ချမှတ်ရမည့်ပြင် အနည်းဆုံး ကျပ်သုံးသိန်းမှ အများဆုံး ကျပ် ငါးသိန်းအထိ ငွေဒဏ်ချမှတ်နိုင်သည်။

၃၆။ ပုဒ်မ ၁၉အရ ချမှတ်သောအမိန့်ကို လိုက်နာရန်ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရသူသည် ယခင်က အလားတူပြစ်မှုဖြင့် ပြစ်မှုထင်ရှားစီရင်ခြင်း ခံခဲ့ရလျှင် ထပ်မံကျူးလွန်သောပြစ်မှုအတွက် ပုဒ်မ ၃၅ ပါ အများဆုံးထောင်ဒဏ် ချမှတ်ခြင်းခံရမည်။

၃၇။ မည်သည့်လယ်ယာမြေ လုပ်ပိုင်ခွင့်ရရှိသူမဆို ပုဒ်မ ၁၄ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး တစ်နှစ်မှ အများဆုံးသုံးနှစ်အထိ ထောင်ဒဏ်ချမှတ်ရမည့်အပြင် ကျပ် ၁၀ သိန်းအောက် မနည်းသည့် ငွေဒဏ်ကိုလည်းချမှတ်ရမည်။ ထို့ပြင် ပြစ်မှုနှင့် သက်ဆိုင်သော ငွေနှင့် ပစ္စည်းများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရမည်။

အခန်း(၁၃)
အထွေထွေ

၃၈။ တောင်သူလယ်သမားများ၏ လူမှုစီးပွားရေးဘဝ မြင့်မားတိုးတက်စေရေးကို ရှေးရှု၍ ပြဋ္ဌာန်းထားသော ဥပဒေများအတိုင်း တောင်သူလယ်သမားအဖွဲ့အစည်းကို ဖွဲ့စည်းနိုင်သည်။

၃၉။ ဤဥပဒေအရ ဖွဲ့စည်းသည့် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အဆင့်ဆင့်တွင် ပါဝင်သော အဖွဲ့ဝင်များသည် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၂၁ ပါ အဓိပ္ပာယ်အရ ပြည်သူ့ဝန်ထမ်းဖြစ်သည်ဟု မှတ်ယူရမည်။

၄၀။ ဤဥပဒေနှင့်အညီဖြစ်စေ၊ ဤဥပဒေအရပြုသည့် နည်းဥပဒေများနှင့် အညီ ဖြစ်စေ သဘောရိုးဖြင့် ဆောင်ရွက်သည့် ကိစ္စတစ်ရပ်ရပ်အတွက် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အဆင့်ဆင့်ရှိ အဖွဲ့ဝင်များကို မည်သည့်တရားရုံးတွင်မျှ တရားစွဲဆိုခွင့် မရှိစေရ။

၄၁။ ပုဒ်မ ၃၇ အရ တရားစွဲဆိုသောပြစ်မှုကို ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုအဖြစ်သတ်မှတ်သည်။

၄၂။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်-

(က) ဝန်ကြီးဌာနသည် လိုအပ်ပါက နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့နှင့် ဦးစီးဌာနတို့သည် လိုအပ်ပါက အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

၄၃။ အောက်ပါဥပဒေများကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်-

(က) ၁၉၅၃ ခုနှစ်၊ လယ်ယာမြေနိုင်ငံပိုင်ပြုလုပ်ရေးအက်ဥပဒေ၊

(ခ) ၁၉၆၃ ခုနှစ်၊ သီးစားချထားရေးဥပဒေ၊

(ဂ) ၁၉၆၃ ခုနှစ်၊ တောင်သူလယ်သမား အခွင့်အရေးကာကွယ်သည့် ဥပဒေ။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ)သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

မုံရွာမြို့ တိုင်းရင်းဆေးရုံ ခုတင်(၅၀)ဆံ့ အဆင့်တိုးမြှင့်ဖွင့်လှစ်ပွဲနှင့် ပြည်သူ့ဆေးရုံကြီး ခုတင်(၂၀၀)ဆံ့ တိုးချဲ့နှစ်ထပ်ဆေးကုသဆောင်သစ်များဖွင့်

နေပြည်တော် ဧပြီ ၂

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ တိုင်းရင်းဆေးရုံ ခုတင်(၅၀)ဆံ့ အဆင့်တိုးမြှင့်ဖွင့်လှစ်ပွဲအခမ်းအနားကို မတ် ၃၀ ရက် နံနက်ပိုင်းတွင်ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးသင်းလှိုင်နှင့် တိုင်းရင်းဆေးပညာဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးကျော်ဆွေတို့က ဆေးရုံကိုဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေးက ဆေးရုံဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။

စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသာအေး မုံရွာမြို့ တိုင်းရင်းဆေးရုံ ခုတင်(၅၀)ဆံ့ ဆေးရုံဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

ထို့နောက် ဒုတိယဝန်ကြီး ဒေါက်တာ ဒေါ်မြတ်မြတ်အုန်းခင်၊ တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာ မြင့်သိန်းနှင့် အလှူရှင် ဦးဝင်းမြင့်တို့က တိုင်းရင်းဆေးရုံ အမျိုးသမီးတိုးချဲ့လူနာဆောင်သစ်ကို လည်းကောင်း၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါက်တာဝင်းမြင့်အောင်၊ တိုင်းရင်းဆေးပညာ ဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါက်တာအောင်မြင့် နှင့် အလှူရှင် အောင်မြင်သူကုမ္ပဏီ ဥက္ကဋ္ဌ ဦးစောငြိမ်းတို့က အမျိုးသား တိုးချဲ့လူနာဆောင်သစ်ကို လည်း ကောင်း ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က ကမ္ပည်း မော်ကွန်းကို အမွှေးနံ့သာရည် ပက်ဖျန်း ပေးသည်။

ဆက်လက်၍ မုံရွာမြို့ ပြည်သူ့ဆေးရုံ ကြီး ခုတင်(၂၀၀)ဆံ့ တိုးချဲ့နှစ်ထပ် ဆေးကုသဆောင်သစ်များ ဖွင့်ပွဲအခမ်း အနားကျင်းပရာ ဒုတိယဝန်ကြီး ဒေါက်တာ ဒေါ်မြတ်မြတ်အုန်းခင်၊ တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာမြင့်သိန်းနှင့် ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ဦး တို့က တိုးချဲ့နှစ်ထပ်ဆေးကုသဆောင် သစ်များကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က ဆိုင်းဘုတ် ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးကာ ကမ္ပည်းမော်ကွန်းကို အမွှေးနံ့သာရည် ပက်ဖျန်းကြသည်။

ထို့နောက် ကျန်းမာရေးဝန်ကြီးဌာန သို့ လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို မုံရွာမြို့ မြို့တော်ခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး တို့က အမှာစကားပြောကြားကြပြီး တိုင်းရင်းဆေးရုံ အမျိုးသားလူနာဆောင် သစ် အလှူရှင် အောင်မြင်သူကုမ္ပဏီ ဥက္ကဋ္ဌ ဦးစောငြိမ်းနှင့် အမျိုးသမီး လူနာဆောင်သစ် အလှူရှင် ဦးဝင်းမြင့် တို့က လှူဒါန်းရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြပြီး အဆောက်အအုံ သစ်များနှင့် စပ်လျဉ်းသည့် စာရွက် စာတမ်းများကို ကျန်းမာရေးဝန်ကြီး ဌာနသို့ လွှဲပြောင်းပေးအပ်သည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီး ချုပ် ဦးသာအေးနှင့်ဇနီး ဒေါ်ဝေဝေခိုင် (အေးရိပ်ဝေ)မိသားစုက ချွဲစုပ်စက် သုံးလုံးနှင့် လူနာတင်သံခုတင် ၁၀ လုံး ကိုလည်းကောင်း၊ အလှူရှင်များက ဓာတ်မှန်စက် (100 MA) နှင့် ဆေး ပဒေသာပင်အလှူငွေများကို လည်း ကောင်း ပေးအပ်လှူဒါန်းကြရာ မြို့မိ မြို့ဖ ဦးလှဟန်က ကျေးဇူးတင်စကား ပြောကြားသည်။

ယနေ့အခမ်းအနားတွင် အလှူရှင် များက မုံရွာမြို့ ပြည်သူ့ဆေးရုံအတွက် အလှူငွေကျပ် ၁၂၅၀၀၀၀၊ တိုင်းရင်း ဆေးရုံအတွက် အလှူငွေကျပ် ၈၂၅၀၀၀၀ နှင့် ဓာတ်မှန်စက်နှင့် ဆက်စပ်ပစ္စည်းများကို လှူဒါန်းခဲ့ကြ သည်။

ယနေ့ဖွင့်လှစ်သော မုံရွာမြို့ ပြည်သူ့ဆေးရုံကြီး ခုတင်(၂၀၀)ဆံ့ တိုးချဲ့လူနာဆောင်သစ်များမှာ RC နှစ်ထပ်ဆောင်များဖြစ်ပြီး နိုင်ငံတော်က ငွေကျပ် ၁၅၀၉ ဒသမ ၈၇ သန်း အကုန်အကျခံ ဆောက်လုပ်ပေးခဲ့ခြင်း ဖြစ်သည်။

တိုင်းရင်းဆေးရုံ တစ်ထပ်ဆောင် များဖြစ်သည့် အမျိုးသားလူနာဆောင် သစ်ကို ငွေကျပ် ၆၇၂ သိန်းဖြင့် လည်း ကောင်း၊ အမျိုးသမီးလူနာဆောင်သစ် ကို ငွေကျပ် ၈၀၂ ဒသမ ၁၈ သိန်းဖြင့် လည်းကောင်း ဆောက်လုပ်ခဲ့ခြင်းဖြစ် ကြောင်း သိရသည်။

(သတင်းစဉ်)

ပထမအကြိမ် ရခိုင်ပြည်နယ်လွှတ်တော် အထူးအစည်းအဝေး(၁/၂၀၁၂) ဒုတိယနေ့ ဆက်လက်ကျင်းပ

နေပြည်တော် ဧပြီ ၂

ပထမအကြိမ် ရခိုင်ပြည်နယ်လွှတ်တော် အထူးအစည်းအဝေး (၁/၂၀၁၂) ဒုတိယနေ့ကို မတ် ၃၀ ရက် နံနက် ၁၀ နာရီတွင်ကျင်းပရာ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးထိန်လင်းနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် (၄၄) ဦးတို့ တက်ရောက်ကြသည်။

အစည်းအဝေးတွင် မေးခွန်း(၂၁)ခုအား ဖြေကြားခြင်း၊ ၂၀၁၂-၂၀၁၃ ခု ဘဏ္ဍာရေးနှစ် ရခိုင်ပြည်နယ် အစိုးရအဖွဲ့၏ ဒေသန္တရစီမံကိန်းဥပဒေ(မူကြမ်း) ရည်မှန်းချက်များနှင့် လုပ်ငန်းစဉ်များကို ရှင်းလင်းခြင်း၊ ၂၀၁၂ ခုနှစ် ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ ဘဏ္ဍာငွေအရ/အသုံးဆိုင်ရာ ဥပဒေ(မူကြမ်း)၏ မူနှင့်အခြေခံသဘောများအပေါ် ရခိုင်ပြည်နယ်လွှတ်တော်ဥပဒေပြုရေး ကော်မတီက လေ့လာတွေ့ရှိချက်နှင့် သဘောထား မှတ်ချက်များကိုရှင်းလင်းခြင်း၊ အဆို(၂)ရပ်နှင့်စပ်လျဉ်း၍ဆွေးနွေးခြင်း၊ အဆုံးအဖြတ်ရယူခြင်းများ ဆောင်ရွက်ကြပြီး အထူးအစည်းအဝေး (၁/၂၀၁၂) ဒုတိယနေ့ကို ညနေ ၄ နာရီတွင် ရပ်နားလိုက်သည်။

(သတင်းစဉ်)

စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၂၉) သင်တန်းဆင်း (၂၄)နှစ်ပြည့် အထိမ်းအမှတ်အဖြစ် ဇီဝိတဒါန ပုလဲမြို့သစ် ဆေးခန်းအတွက် မတည်အလှူငွေကျပ် ၅၀၀၀၀၀ ကို ဇီဝိတဒါနသံဃာ့ဆေးရုံကြီး၌ ဧပြီ ၁ရက်တွင် ပေးအပ်လှူဒါန်းရာ ဆေးရုံမှတာဝန်ရှိသူများ လက်ခံစဉ်။ (သတင်းစဉ်)

ပညာတန်ဆောင် နှစ်(၆၀)ပြည့် အထိမ်းအမှတ်အခမ်းအနား ကျင်းပ

နေပြည်တော် ဧပြီ ၂

၂၀၁၂ ခုနှစ် ပညာတန်ဆောင် နှစ်(၆၀)ပြည့်အထိမ်းအမှတ် အခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ကုန်သည်ကြီးများဟိုတယ်၌ကျင်းပရာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေးကိုယ်စား ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးကြူက သမိုင်းအစဉ်အလာ၊ ပညာရေး အစဉ်အလာ၊ စာပေအစဉ်အလာ သုံးရပ်ကို ရင်ဝယ်ပိုက်ထားသည့် ပညာတန်ဆောင်၏ အဓိကဦးတည်ချက်နှင့် ကြီးမားသည့် စေတနာများကို လေးလေးစားစားမှတ်တမ်းတင် ဂုဏ်ပြုပါကြောင်း၊ နှစ်(၆၀)အတွင်း လစဉ်ထုတ်ဝေနိုင်ခဲ့သည့် သက်တမ်းအရှည်ဆုံး ပညာရေးမဂ္ဂဇင်းတစ်စောင်ဖြစ်၍ ကြည်နူးပီတိဖြစ်ရပါကြောင်း၊ ပညာတန်ဆောင်မဂ္ဂဇင်း ပထမဆုံးဥက္ကဋ္ဌ ဦးသန့်မှသည် လက်ရှိဥက္ကဋ္ဌ ဦးသန်းဦးသို့တိုင်အောင် ဥက္ကဋ္ဌ အဆက်ဆက်နှင့် အုပ်ချုပ်ရေးအဖွဲ့များက ပညာတန်ဆောင်မဂ္ဂဇင်း တည်တံ့ရှိသာမက ပိုမိုတိုးတက်အောင် လက်ဆင့်ကမ်း စွမ်းဆောင်ပေးနိုင်ကြသည့်အတွက် ဂုဏ်ယူလေးစားချီးကျူးမိပါကြောင်း၊ နှစ်(၆၀)မှသည် နှစ်ပေါင်းများစွာတိုင်အောင် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားနိုင်ကြမည်ဟု ယုံကြည်ပါကြောင်းဖြင့် ဂုဏ်ပြုစကားပြောကြားသည်။

ထို့နောက် ပညာတန်ဆောင်အုပ်ချုပ်ရေးအဖွဲ့ ပထမဆုံးဥက္ကဋ္ဌ ဦးသန့်၏ မိသားစုဝင် ဒေါ်အေးအေးသန့်က ဦးသန့်၏ ပညာရေးကဏ္ဍလုပ်ငန်းဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပညာတန်ဆောင် အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသန်းဦးက ပညာတန်ဆောင် နှစ်(၆၀)ပြည့် အထိမ်းအမှတ် အခမ်းအနားကျင်းပရခြင်းနှင့် စပ်လျဉ်း၍ ဂုဏ်ယူဝမ်းမြောက်စကား ပြောကြားသည်။

ယင်းနောက် ပညာတန်ဆောင် အုပ်ချုပ်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးတင်ညိုက ပညာတန်ဆောင်နှစ်(၆၀) ခရီးအတွင်း ဖွံ့ဖြိုးတိုးတက်လာမှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ပညာတန်ဆောင်မဂ္ဂဇင်းကို ၁၉၅၂ ခုနှစ် ဇန်နဝါရီလမှစတင်ပြီး လစဉ်ပုံနှိပ်ထုတ်ဝေခဲ့ရာ ယခု ၂၀၁၂ ခုနှစ် ဇန်နဝါရီလတွင် နှစ်(၆၀) ပြည့်မြောက်ပြီဖြစ်သည်။ ပညာတန်ဆောင် နှစ်(၆၀)ပြည့်အထိမ်းအမှတ် အထူးမဂ္ဂဇင်းနှင့် အထူးစာစဉ်အဖြစ် ဦးသန်းထွတ်(ပါမောက္ခ-ငြိမ်း၊ ပညာရေးတက္ကသိုလ်) စုစည်းပြုစုသော 'ပညာတန်ဆောင်ဆီမီး စတင်ထွန်းညှိသူဆရာကြီးဦးထွန်းအောင်' စာအုပ်တို့ကို ပုံနှိပ်ထုတ်ဝေခဲ့ပြီး ဆရာကြီး ဦးထွန်းအောင် ပြုစုခဲ့သည့် 'ပညာ၏အခြေခံသဘာဝ' စာအုပ်ကို ဆက်လက်ထုတ်ဝေမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးကြူ ၂၀၁၂ ခုနှစ် ပညာတန်ဆောင် နှစ် (၆၀)ပြည့်အထိမ်းအမှတ် အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

စင်ကာပူကလပ်ကို အနိုင်ရရှိအောင် အစွမ်းကုန်ကြိုးစားမယ့် ရန်ကုန်ယူနိုက်တက်

ရန်ကုန် ဧပြီ ၂

ရန်ကုန်ယူနိုက်တက်အသင်းနည်းပြချုပ် အဲရစ်ဝီလျံက စင်ကာပူကလပ် ဟုမ်းယူနိုက်တက်နှင့် ပွဲစဉ်သည် ရန်ကုန်အသင်း၏ သမိုင်းတစ်လျှောက် အရေးအကြီးဆုံး ပွဲတစ်ပွဲဖြစ်သလို မိမိအတွက်လည်း အရေးကြီးသည့် ပွဲတစ်ပွဲဖြစ်သည့်အတွက် အကောင်းဆုံးစွမ်းဆောင်ပြီး အနိုင်ရအောင် အစွမ်းကုန်ကြိုးစားမည်ဟု ပြိုင်ပွဲမတိုင်မီပြုလုပ်သည့် ပွဲကြိုသတင်းစာရှင်းလင်းပွဲတွင်ပြောကြားသည်။

ရန်ကုန်ယူနိုက်တက်အသင်းသည် AFC Cup ပြိုင်ပွဲ နှစ်ပွဲကစားပြီးချိန်တွင် ချောင်ဘူရီအသင်းကို အိမ်ကွင်းတွင် သရေနှင့် စီတီဇင်အသင်းကို အဝေးကွင်းတွင် ရှုံးနိမ့်ကာ ရမှတ်တစ်မှတ်သာ ရရှိထားပြီး ဟုမ်းယူနိုက်တက်အသင်းကမူ ချောင်ဘူရီအသင်းကို အဝေးကွင်းတွင် ရှုံးနိမ့်ခဲ့သော်လည်း စီတီဇင်အသင်းကို အိမ်ကွင်းတွင် အနိုင်ယူကာ သုံးမှတ်ရရှိထားသည်။ "နက်ဖြန်ပွဲက ရန်ကုန်ယူနိုက်တက်အသင်းရဲ့ သက်တမ်းတစ်လျှောက် အရေးအကြီးဆုံးပွဲတစ်ပွဲပါ။ ကျွန်တော့်အတွက်လည်း အလွန်အရေးကြီးတဲ့ ပွဲတစ်ပွဲဖြစ်ပါတယ်။ ရှေ့နှစ်ပွဲမှာ ရလဒ်တွေ မကောင်းခဲ့တာကြောင့် ဒီပွဲနိုင်ဖို့က သိပ်ကို အရေးကြီးနေပါပြီ။ ဒီပွဲကို အကောင်းဆုံး စွမ်းဆောင်ပြီး အနိုင်ရရှိအောင် အစွမ်းကုန် ကြိုးစားသွားပါမယ်" ဟု အဲရစ်ဝီလျံက ဆိုသည်။**(အပေါ်ပုံ)**

သတင်းနှင့် ဓာတ်ပုံ ဇော်မင်းအောင်(၁၀၇)

ဂိုးအပြန်အလှန်သွင်းပြီး ရတနာပုံ အနိုင်ရ

ရန်ကုန် ဧပြီ ၂

MNL Myanmar 2012 အမှတ်ပေးဘောလုံးပြိုင်ပွဲ ပထမအကျော့ပွဲစဉ် (၁၂)ကို ဧပြီ ၁ ရက်နှင့် ၂ ရက်တို့တွင် ဆက်လက်ကျင်းပသည်။

(အောင်ဆန်းကွင်း)

ရတနာပုံ - ငါးဂိုး

(ဒွေးကိုကိုချစ်-နှစ်ဂိုး၊ ကိုနေး၊ နီမောင်မောင်အောင်နှင့် ပိုင်စိုး)

ဟံသာဝတီယူနိုက်တက် - သုံးဂိုး

(စတန်လေ)

ပွဲကျပ်ကာလတွင် အမှတ်များဆက်တိုက်ဆုံးရှုံးနေသည့် ရတနာပုံအသင်းမှာ ယခုပွဲတွင်လည်း ဟံသာဝတီကို နောက်မှလိုက်ကစားပြီး ငါးဂိုးပြန်သွင်းကာ နိုင်ပွဲပြန်လည်ရယူနိုင်ခဲ့သည်။ ဟံသာဝတီအသင်းမှာ နှစ်ဂိုးပြတ်အနိုင်ဖြင့် ဦးဆောင်နိုင်ခဲ့သော်လည်း အနိုင်ရလဒ်ကို မထိန်းထားနိုင်ခဲ့ပေ။ တိုက်စစ်မှူး စတန်လေက ခြေစွမ်းပြပြီး ၂၀၊ ၂၅၊ ၈၁ မိနစ်တို့တွင် ဟက်ထရစ်သွင်းကာ ဟံသာဝတီအတွက် ဂိုးများသွင်းယူခဲ့သော်လည်း ၃၂ မိနစ်တွင် ကိုနေး၊ ၆၂ မိနစ်တွင် နီမောင်မောင်အောင်၊ ၇၈၊ ၉၁ မိနစ်တို့တွင် ဒွေးကိုကိုချစ်၊ ၈၆ မိနစ်တွင် ပိုင်စိုးတို့က ဂိုးများပြန်သွင်းခဲ့သောကြောင့် ရတနာပုံနိုင်ခဲ့ခြင်းဖြစ်သည်။

ယမန်နေ့က NPT ကွင်း၌ ကစားသောပွဲတွင် Southern အသင်းက နေပြည်တော်အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

(NPT ကွင်း)

Southern - တစ်ဂိုး

(ရန်နိုင်ထွေး)

နေပြည်တော် - ဂိုးမရှိ

နေပြည်တော်အသင်းမှာ ယခုပွဲအနိုင်ရရှိလျှင် ထိပ်ဆုံးနေရာကို ရယူနိုင်မည်ဖြစ်သော်လည်း အိမ်ကွင်းတွင် ရှုံးပွဲကြုံတွေ့ကာ အခွင့်အရေးလက်လွှတ်ခဲ့ရသည်။ Southern အတွက် အနိုင်ဂိုးကို ပွဲပြီးခါနီးတွင် ရန်နိုင်ထွေးက သွင်းယူပေးခဲ့သည်။

ယနေ့ပွဲ

(AFC Cup ပြိုင်ပွဲ) - သုဝဏ္ဏကွင်း

ရန်ကုန်ယူနိုက်တက်(မြန်မာ) - ဟုမ်းယူနိုက်တက်(စင်ကာပူ)

(MNL အမှတ်ပေးပြိုင်ပွဲ) - အောင်ဆန်းကွင်း

မောရဝတီ - မကွေး

သတင်းနှင့် ဓာတ်ပုံ - ရှိုင်းထက်ဇော်

ရတနာပုံမှ ထူးထူးအောင်၏ ဂိုးသွင်းရန် ကြိုးပမ်းမှုကို ဟံသာဝတီဂိုးသမား ကိုကိုနိုင် ကာကွယ်နေစဉ်။

ယနေ့ဖတ်စရာမှတ်စရာ

လိုင်းကားပေါ်မှ အကျိုးဆောင်လေးများ

ညအချိန် ရန်ကုန်မြို့တွင်း ကြမ်းကြမ်းရမ်းရမ်း ပြိုင်ကားမောင်းနေကြသော သတင်းတစ်ပုဒ်ကိုဖတ်လိုက်ရသည်။ လူတစ်စုကြားတွင် "စည်းကမ်းဟူသည် လူ့တန်ဖိုး"စကားမှာ အရာမထင်ဖြစ်နေသည်။ ကြေးမုံစာတည်း၏ "ကောင်းသောမနသိကာရဖြင့် လူမှုဘဝဝန်းကျင်" ရှုထောင့်အမြင်တွင် ယာဉ်မတော်တဆမှုနှင့် သေဆုံးမှုများကို စာရင်းနှင့်တကွဖော်ပြထားသည်။ စည်းကမ်းမဲ့သော တန်ဖိုးမဲ့ လူတစ်စုကြောင့် အပြစ်မဲ့ပြည်သူများ မသေသင့်ဘဲ သေဆုံးနေကြရသည်။ ယခုအခါ ယာဉ်မတော်တဆမှုကိစ္စ လွှတ်တော်အထိဆွေးနွေးလာနေရပြီး ယာဉ်တိုက်မှုတွင် လူနာကိုကူညီသူအား အမှုမပတ်ပါကြောင်း ပြည်ထဲရေးဝန်ကြီးကိုယ်တိုင် ရှင်းလင်းချက်သတင်း ဖတ်လိုက်ရသည်။

ကျွန်ုပ်တို့ဝန်းကျင်တွင် မီးဘေး၊ ရေဘေးစသည်ဖြင့် သဘာဝဘေးအန္တရာယ်များအပြင် လူကြောင့်ဖြစ်လာရသော ယာဉ်ဘေးအန္တရာယ်ပါ ထပ်ဆောင်းလာ သည်။ သဘာဝဘေးအန္တရာယ်များကို တားဆီးရခက်ခဲသော်ငြားလည်း လူတို့ကြောင့်ဖြစ်ရသော ယာဉ်ဘေးအန္တရာယ်ကို"မိသားစုစိတ်ဓာတ်" ဖြင့် လျော့နည်းပပျောက်အောင် လုပ်ဆောင်၍ ရနိုင်မည်ဟု ယုံကြည်ပါသည်။

ဖြစ်စဉ်တိုင်းတွင် မူလအကြောင်းခံရှိမြဲဖြစ်သည်။ ရန်ကုန်မြို့တွင်း ဖြစ်ရပ်များတွင် လမ်းကြောင်းလုမောင်းခြင်း၊ ကျော်တက်ခြင်း၊ ပြိုင်မောင်းခြင်းများကြောင့် ယာဉ်မတော်တဆမှုများ ဖြစ်ကြရသည်။ ဤဖြစ်စဉ်များ၏ မူလအစမှာ မှတ်တိုင်တွင် အချိန်ကြာရပ်ပြီး လူစောင့်တင်ခြင်းကြောင့်ဖြစ်သည်။ ကားတစ်စီး လူစောင့်တင်သည်။ နောက်ကားကိုမြင်မှ ကသုတ်ကရက်ထွက်သည်။ နောက်ကားသည် ပထမကားကဲ့သို့ လူစောင့်တင်က ပြဿနာမရှိ။ ချက်ချင်းထွက်လိုက်လာပြီဆိုလျှင်. . . . ဤသို့ဖြင့် စက်ရှိန်မြှင့်တင်ပြိုင်မောင်းခြင်း၊ အလုအယက်ကျော်တက်ခြင်းများကြောင့် မကြာမကြာ မြို့ပြကိုအကျည်းတန်သော ဖြစ်ရပ်ဆိုးများဖြစ်လာရသည်။ တားမည့်၊ ဆီးမည့်သူမရှိ ဖြစ်နေကြသော မဟာရန်ကုန် အရန်မြို့ပြများမှ မြင်ကွင်းများဖြစ်သည်။ ယခုအခါ ရန်ကုန်မြို့အတွင်း စီးပွားရေးအချက်အချာနေရာများရှိ ကားမှတ်တိုင် ၁၄ ခုတွင် ယာဉ်ကြောပိတ်ဆို့မှု မရှိစေရေး "ချ-တင်-ထွက်" စနစ်ကို စီမံချက်နှင့် ဆောင်ရွက်လာနေပြီ။ အရန်မြို့ပြများတွင်လည်း ဤစနစ် ကျင့်သုံးသင့်ပါသည်။

လူစောင့်တင်ခြင်းသည် အချိန်နှင့်တစ်ပြေးညီ သွားလာနေကြရသော ခရီးသွားပြည်သူများကို အခက်ကြုံစေသည်။ ကားသမားနှင့် ပြည်သူဟူသည် ခရီးသွားဖော်များဖြစ်ကြသည်။ အချင်းချင်း ရိုင်းပင်းကူညီတတ်ကြသည်မှာ မြန်မာတို့၏ မျိုးရိုးဗီဇအမူအကျင့်ကောင်းဖြစ်သည်။ ကူညီရာမရောက် နှောင့်ယှက်ရာလည်း ဖြစ်နေပြီး မိမိတို့အတွက်လည်း အကျိုးယုတ်စေသော ဤလူစောင့်တင်ခြင်း အလုပ်ကို ကားသမားတို့ ဆင်ခြင်သင့်ပေပြီ။ ပြင်သင့်ပြီ။

ခရီးသွားပြည်သူများကို ဘေးကင်းစွာ လိုရာခရီးအချိန်မီရောက်နိုင်ရေး ပို့ဆောင်ပေးနေကြသော ကားသမားများသည် ပြည်သူ့အကျိုးဆောင်များ ဖြစ်ကြသည်။ နေ့စဉ် ကုသိုလ်၊ ပညာ၊ ဥစ္စာ ရနေကြသော သုံးဖက်လှ သမ္မာအာဇီဝ အလုပ်ကို လုပ်နေကြသူများဖြစ်ကြသည်။ တစ်နည်း ကားသမားနှင့် ခရီးသွားများသည် ဆရာကြီးဦးသုခ၏ "ဘဝသံသရာ" သီချင်းလို တစ်မိုးတည်းအောက်မှာ တစ်ခရီးတည်းသွားနေကြသော ဆွေမျိုးသားချင်းများဟု ဆိုလည်းမမှားပါ။ မိသားစုပုံစံ ကိုယ်စီတာဝန်ယူကြရာတွင် အန္တရာယ်ကင်းစွာ ကားမောင်းက ကားကိုမောင်း၊ ပြုံးရွှင်ချိုသာစွာဖြင့် ကားနောက်လိုက်က ဖေးမကူညီစောင့်ရှောက်ပေး၊ ခရီးသွားပြည်သူတွေဘက်ကလည်း တစ်နေကုန်သွားလာလှုပ်ရှား လူအများနှင့် ပြောဆိုဆက်ဆံနေရသော ကားသမားလေးများ၏ ပင်ပန်းနွမ်းနယ်မှုကြောင့် တစ်ခါတစ်ရံ စိတ်မရှည်ဖြစ်နေမှုများအပေါ် မိသားစုအမြင်ဖြင့် နားလည်ပေး။ ဤသို့ဆိုလျှင် နေ့စဉ်သွားလာနေရသော လိုင်းကားခရီးစဉ်များသည် ပျော်ရွှင်စရာ သီရိဂေဟာလေးများ ဖြစ်သွားနိုင်သည်။ "We are all brother." ဟင်နရီဗျူးနန့် နှုတ်ထွက်စကားကဲ့သို့ ကျွန်ုပ်တို့အားလုံးသည် ညီအစ်ကို မောင်နှမတွေပဲ မဟုတ်ပါလော။

အဖယုတ်သော သားသမီး၊ ကိုယ်အမူအရာကြမ်းတမ်းပြီး အမိယုတ်သော သားသမီးများ နှုတ်လျာကြမ်းတမ်းကြသည်။ "နီတိစကားရှိသည်။ မိမိတို့၏ ပြုမူပြောဆိုမှု အဆိုးအကောင်းသည် မိဘဂုဏ်သိက္ခာကို အနိမ့်အမြင့်ဖြစ်စေ၍ သားသမီးတိုင်း သတိထားဆင်ခြင်ကြသည်။ (၁၅၇)အထူးယာဉ်ပေါ်တွင် အန်ဖတ်ကို မရွံမရှာသန့်ရှင်းရေးလုပ်နေသော စပယ်ယာလေးတစ်ဦးနှင့် ကြုံသည်။ ဤကလေးမျိုးလို ပြုံးရွှင်ချိုသာဝန်ဆောင်မှုပေးနေကြသော ကားသမားလေး အများအပြားကို တွေ့လာနေရပါပြီ။

ကိုယ်ပိုင်အသိနှင့် ဆင်ခြင်သင့်သည်၊ လုပ်သင့်သည်ကို ဆင်ခြင်လုပ်ကိုင်လာခြင်းသည် နိုင်ငံကြီးသားပီသမှု၏ လက္ခဏာဖြစ်သည်။ မှားမှန်းသိလျှင် ပြင်နိုင်ရမည်။ လူကြီးလူကောင်း၏ အမူအကျင့်ဖြစ်သည်။ မိသားစုစိတ်ဓာတ်ဖြင့် ကားသမားနှင့်ခရီးသွားပြည်သူ တစ်ဦးကစေတနာ တစ်ဦးကမေတ္တာဖြင့် နွေးထွေးမှုရှိလာပြီဆိုလျှင် မြို့ပြရပ်ဝန်းအတွင်းကြုံနေရသော ယာဉ်မတော်တဆမှုများ တဖြည်းဖြည်းလျော့နည်းကင်းရှင်းသွားလိမ့်မည်။ စာတည်းရှုထောင့်၏ "ကောင်းသောမနသိကာရဖြင့် လူမှုဘဝဝန်းကျင်"သည်လည်း အမှန်တကယ်ဖြစ်လာပါလိမ့်မည်။ ။

အောင်ကျော်ညို(ဆင်ချဆိပ်)

မြန်မာ့စီးပွားစီမံအမှုဆောင်များအသင်းဖလား ဘောလုံးပိုလ်လုပွဲနှင့် ဆုပေးပွဲကျင်းပ

ရန်ကုန် ဧပြီ ၂

မြန်မာ့စီးပွားစီမံအမှုဆောင်များအသင်းဖလား နောက်ဆုံးဘောလုံးဗိုလ်လုပွဲကို မတ် ၂၇ ရက် ညနေ ၃ နာရီက ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဒေးဒရဲမြို့နယ် မရမ်းအနောက်ကျေးရွာ ဘောလုံးကွင်း၌ ကျင်းပရာ ကလေးအသင်းဗိုလ်လုပွဲတွင် မရမ်းအနောက်အသင်းက ဆားကျင်းအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့်လည်းကောင်း၊ အလွတ်တန်း လူကြီးအသင်းဗိုလ်လုပွဲတွင် တော်ချိုင့်အသင်းက ဆားကျင်းအသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့်လည်းကောင်း အနိုင်ရရှိပြီး ဆုများကို တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

(ကြေးမုံ)

အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး

အက်သလက်တီကို တိုက်စစ်မှူး ဖယ်လ်ကာအိုကို ပေါင် ၄၂ သန်းဖြင့် မန်စီးတီးကမ်းလှမ်း

မန်ချက်စတာ ဧပြီ ၂

မန်စီးတီးအသင်းသည် ဖယ်လ်ကာအိုကို ခေါ်ယူနိုင်ရေးအတွက် အက်သလက်တီကိုမက်ဒရစ်အသင်းထံ ပေါင် ၄၂ သန်းဖြင့် ကမ်းလှမ်းခဲ့ကြောင်း The Sun သတင်းဌာနက သတင်းထုတ်ပြန်ခဲ့သည်။

ပထမပွဲထွက်လူစာရင်းတွင် နေရာမရဖြစ်နေသည့် ဒီဇီကိုသည် လာမည့်အပြောင်းအရွှေ့ကာလအတွင်း မန်စီးတီးအသင်းမှ ထွက်ခွာဖွယ်ရှိခြင်းကြောင့် ၎င်း၏နေရာကို အစားထိုးရန်အတွက် ဖယ်လ်ကာအိုကို ခေါ်ယူရန် နည်းပြမန်စီနီက ပစ်မှတ်ထားနေခြင်းဖြစ်သည်။

မန်စီးတီးအသင်းမှ တာဝန်ရှိသူများသည် ဖယ်လ်ကာအို၏ အပြောင်းအရွှေ့အတွက် အက်သလက်တီကိုအသင်းနှင့် ဆွေးနွေးညှိနှိုင်းမှုများပြုလုပ်လျက်ရှိသည်။ ဖယ်လ်ကာအိုသည် အက်သလက်တီကိုမက်ဒရစ်အသင်း၌သာ ပျော်ရွှင်သည်ဟု ထုတ်ဖော်ပြောကြားခဲ့သော်လည်း ပရီမီယာလိဂ်ထိပ်သီးကလပ်သို့ လာရောက်ကစားရန်အတွက်မူ ငြင်းပယ်နိုင်ဖွယ်မရှိကြောင်းThe Sun က ဆိုသည်။

အင်တာနက်။

ဟိန်းထက်လင်း

မိုးကောင်း၌ မီးလောင်မှုဖြစ်ပွား

မိုးကောင်း ဧပြီ ၂

ကချင်ပြည်နယ် မိုးကောင်းမြို့ နတ်ကြီးကုန်းရပ်ကွက် အမှတ်(၁၇)နေအိမ်၌ မတ် ၃၀ ရက် နံနက် ၁ နာရီ ၁၅ မိနစ်က ဖယောင်းတိုင်မီးထွန်းရာမှတစ်ဆင့် မီးစတင်ကူးစက်လောင်ကျွမ်းရာ မိုးကောင်းမြို့နယ် မီးသတ်စခန်းမှ မီးသတ်မော်တော်ယာဉ်လေးစီး၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ရေသယ်ယာဉ်တစ်စီးတို့ဖြင့် တာဝန်ရှိသူများ၊ သန္ဓေနှင့်အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ပြည်သူများ ဝိုင်းဝန်းငြိမ်းသတ်ကြသဖြင့် နံနက် ၂ နာရီခွဲတွင် လုံးဝမီးငြိမ်းသွားသည်။

မီးလောင်မှုကြောင့် နေအိမ် သုံးလုံး ဆုံးရှုံးခဲ့ပြီး လူဦးရေ ၂၀ အိုးမဲ့အိမ်မဲ့ဖြစ်ရကာ မီးစတင်လောင်ကျွမ်းသည့်နေအိမ်မှ မျိုးကိုကိုအောင် (၂၄)နှစ်အား မိုးကောင်းရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(၄၉၉)

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဘင်္ဂလားဒေ့ရှ် လေတပ်ဦးစီးချုပ်နှင့် အဖွဲ့အား လက်ခံတွေ့ဆုံ

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဘင်္ဂလားဒေ့ရှ်လေတပ်ဦးစီးချုပ် Air Marshal Shah Mohammad Ziaur Rahman, ndc, fawc, psc အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

(သတင်းစဉ်)

နေပြည်တော် ဧပြီ ၂

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်၌ ဘင်္ဂလားဒေ့ရှ်လေတပ်ဦးစီးချုပ် Air Marshal Shah Mohammad Ziaur Rahman, ndc, fawc, psc ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံသည်။

အဆိုပါ တွေ့ဆုံပွဲသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီးစိုးဝင်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံးမှ ဗိုလ်ချုပ်ကြီး လှဌေးဝင်း၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)ဗိုလ်ချုပ်ကြီးညာဏ်ထွန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးမြတ်ဟိန်းနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးတို့ တက်ရောက်ကြပြီး ဘင်္ဂလားဒေ့ရှ် လေတပ်ဦးစီးချုပ်နှင့်အတူ Air Officer Commanding Bangladesh Air Force Base Bashar, Air Commodore M Naim Hassan, fawc, psc နှင့် ဘင်္ဂလားဒေ့ရှ် လေတပ်မှ အရာရှိကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ် စစ်သံမှူးတို့ တက်ရောက်ကြသည်။

တွေ့ဆုံပွဲတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဘင်္ဂလားဒေ့ရှ် လေတပ်ဦးစီးချုပ်၏ မြန်မာနိုင်ငံ ခရီးစဉ်သည် နှစ်နိုင်ငံတပ်မတော်နှစ်ရပ် အကြား ချစ်ကြည်ရင်းနှီးမှု ပိုမိုမြင့်တင်နိုင်မည်ဟု ယုံကြည်ပါကြောင်း၊ မြန်မာ့တပ်မတော်နှင့် ဘင်္ဂလားဒေ့ရှ်တပ်မတော်မှ တပ်မတော် ခေါင်းဆောင်များ ချစ်ကြည်ရေးခရီး အပြန်အလှန် လည်ပတ်ခဲ့မှုများသည် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုကို ဖော်ပြခြင်းပင်ဖြစ်ပါကြောင်း၊ နှစ်နိုင်ငံ ဆက်ဆံရေးနှင့် တပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မာလာပြီဖြစ်သဖြင့် ဝမ်းမြောက်မိပါကြောင်း၊ နှစ်နိုင်ငံနယ်စပ်ပြဿနာ အချို့အားလည်း ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ နှစ်နိုင်ငံခေါင်းဆောင်များပါ အပြန်အလှန် လည်ပတ်လျက်ရှိရာ ပုဂ္ဂိုလ်ရေးအရပါ ရင်းနှီးမှုရရှိလာသဖြင့် ဝမ်းမြောက်မိပါကြောင်း၊ ပူးပေါင်းဆောင်ရွက်ရာတွင် အောင်မြင်မည်ဟု ယူဆပါကြောင်းဖြင့် ဆွေးနွေးပြောကြားသည်။

ဘင်္ဂလားဒေ့ရှ်လေတပ်ဦးစီးချုပ်က မြန်မာနှင့် ဘင်္ဂလားဒေ့ရှ် အပြန်အလှန် ချစ်ကြည်ရေးခရီး သွားရောက်ရ၍ ဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ နှစ်နိုင်ငံအကြား အနာဂတ်တွင် ဘက်စုံပူးပေါင်းဆောင်ရွက်မှုများ ပိုမိုဆောင်ရွက်စေလိုပါကြောင်း၊ မြန်မာနှင့် ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံသည် တူညီသည့်ဒေသများတွင် နေထိုင်ကြပြီး တစ်မိုးတည်းအောက်တွင် အတူနေကာ ရာသီဥတုတူညီသည့် အိမ်နီးချင်းနိုင်ငံများ ဖြစ်ရုံသာမက ညီအစ်ကိုသဖွယ်လည်း ရင်းနှီးသည့် နိုင်ငံများဖြစ်ကြောင်း၊ မြန်မာ-ဘင်္ဂလားဒေ့ရှ် ဆက်ဆံမှုသည် လွန်ခဲ့သည့် နှစ်ပေါင်း (၁၅၀)ခန့်ကတည်းက ဘင်္ဂလားဒေ့ရှ်ပြည်သူများ စစ်ဘေးသင့်မှုအား မြန်မာအစိုးရနှင့် ပြည်သူလူထု၏ ကူညီခဲ့မှုအပေါ် သမိုင်းအထောက်အထားများအရ အမှတ်ရလျက်ရှိပါကြောင်း၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံအား ၁၉၇၁ ခုနှစ် ဒီဇင်ဘာ ၁၆ ရက်တွင် လွတ်မြောက်သည့်နိုင်ငံအဖြစ် ထူထောင်ချိန်၌ မြန်မာနိုင်ငံက အစောဆုံး အသိအမှတ်ပြုခဲ့ပါကြောင်း၊ သမိုင်းအစဉ်အလာအရ နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုရှိခဲ့ပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံလွတ်မြောက်ရေးစစ်ပွဲ ဆင်နွှဲခဲ့သည့်ကာလမှ ယခုအချိန်အထိ ကူညီခဲ့မှုများအား အမှတ်ရလျက်ရှိသည့်အပြင် မြန်မာအစိုးရနှင့် ပြည်သူလူထုကို ကျေးဇူးတင်ရှိပါကြောင်း၊ ထို့အပြင် မိမိအား မြန်မာ့တပ်မတော်(လေ)မှ များစွာ ကူညီဖူးပါကြောင်း၊ ထို့ကြောင့် ဘင်္ဂလားဒေ့ရှ်လေတပ်နှင့် မြန်မာ့တပ်မတော် (လေ)တို့သည် ညီအစ်ကိုသဖွယ်ဖြစ်၍ ပူးပေါင်းဆောင်ရွက်မှုကိစ္စရပ်များအား တိုးမြှင့်ဆောင်ရွက်လိုပါကြောင်း၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် လူဦးရေ သန်း ၁၆၀ ကျော်ရှိ၍ စားနပ်ရိက္ခာနှင့်ပတ်သက်ပြီး အိန္ဒိယ၊ မြန်မာနိုင်ငံများ၏ ကူညီမှုများအပေါ် ကျေးဇူးတင်ရှိပါကြောင်း၊ နှစ်နိုင်ငံရေပိုင်နက်ဧရိယာများအတွင်း တရားမဝင်လုပ်ငန်းများအပေါ် ပူးပေါင်းကာကွယ်လိုပါကြောင်း၊ မိမိ၏ ယခုခရီးစဉ်ကာလသည် မြန်မာအစိုးရ၏ သမိုင်းဝင်အချိန်ဖြစ်ပြီး အောင်မြင်စွာ ဆောင်ရွက်နိုင်မည်ဟု ယုံကြည်ပါကြောင်းဖြင့် ဆွေးနွေးပြောကြားသည်။

တွေ့ဆုံပွဲအပြီးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဘင်္ဂလားဒေ့ရှ် လေတပ်ဦးစီးချုပ်တို့သည် အထိမ်းအမှတ်ပစ္စည်းများ အပြန်အလှန် လဲလှယ်ကြပြီး အမှတ်တရ စုပေါင်းဓာတ်ပုံရိုက်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် အမည်စာရင်းကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
နေပြည်တော်

ကြေညာချက်အမှတ် (၁၇/၂၀၁၂)
၁၃၇၃ ခုနှစ်၊ တန်ခူးလဆန်း ၁၁ ရက်
(၂၀၁၂ ခုနှစ်၊ ဧပြီလ ၂ ရက်)

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် အမည်စာရင်းကြေညာခြင်း

၂၀၁၂ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့တွင် ကျင်းပခဲ့သည့် ပထမအကြိမ် ပြည်သူ့လွှတ်တော် ကြားဖြတ်ရွေးကောက်ပွဲ၌ အောက်ဖော်ပြပါပုဂ္ဂိုလ်များသည် ရွေးကောက်တင်မြှောက်ခံရသူများဖြစ်ကြောင်း သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်ကော်မရှင်အဖွဲ့ခွဲတို့က ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၄၉(ခ) နှင့်အညီ ထုတ်ပြန်ကြေညာချက်များအရ ယင်းပုဂ္ဂိုလ်များသည် ၎င်းတို့နှင့်ယှဉ်တွဲပါ ပြည်သူ့လွှတ်တော် မဲဆန္ဒနယ်များ၏ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များဖြစ်ကြောင်း ကြေညာလိုက်သည်-

စဉ်	အမည်	မှတ်ပုံတင်အမှတ်	မဲဆန္ဒနယ်	ကိုယ်စားပြုပါတီ/ တစ်သီးပုဂ္ဂလ
နေပြည်တော်				
(၁)	ဒေါ်စန္ဒာမင်း	၁၂/ဗဟန(နိုင်)၀၈၂၅၅၆	ဇမ္ဗူသီရိ	အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်
(၂)	ဦးနိုင်ငံလင်း	၁၂/ဥကမ(နိုင်)၁၇၆၃၈၉	ဒက္ခိဏသီရိ	အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်
(၃)	ဦးဖြိုးဇေယျာသော်(ခ) ဇေယျာသော်	၁၂/လသန(နိုင်)၀၁၇၁၄၂	ပုဗ္ဗသီရိ	အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်
(၄)	ဦးမင်းသူ	၉/မကန(နိုင်)၀၇၉၇၇၂	ဥတ္တရသီရိ	အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်
စစ်ကိုင်းတိုင်းဒေသကြီး				
(၅)	ဦးခင်မောင်သိန်း	၅/စကန(နိုင်)၀၇၃၇၇၂	စစ်ကိုင်း	အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်
(၆)	ဒေါ်ခင်စန်းလှိုင်	၅/ဝလန(နိုင်)၀၇၈၄၆၁	ပုလဲ	အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်
တနင်္သာရီတိုင်းဒေသကြီး				
(၇)	ဦးအောင်စိုး	၆/သရခ(နိုင်)၀၀၅၀၆၉	လောင်းလုံ	အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်

စာမျက်နှာ ၃ ကော်လံ ၁ သို့☆

ဂျော်ဒီဂိုမက်ဇ် စာချုပ်သစ် ထပ်မံချုပ်ဆို

လန်ဒန် ဧပြီ ၂

ဗီဂန်ကွင်းလယ်ကစားသမား ဂျော်ဒီဂိုမက်ဇ်သည် အသင်းနှင့် နှစ်နှစ်သက်တမ်းရှိ စာချုပ်သစ်တစ်ရပ် ထပ်မံချုပ်ဆိုခဲ့သည်။

အသက်(၂၆)နှစ်ရှိ ဂိုမက်ဇ်သည် ယခုနှစ်ဘောလုံးရာသီအကုန်တွင် အသင်းနှင့် စာချုပ်သက်တမ်းကုန်ဆုံးမည်ဖြစ်ခြင်းကြောင့် ယခုကဲ့သို့ စာချုပ်သစ်ထပ်မံချုပ်ဆိုခဲ့ခြင်း ဖြစ်သည်။ ထို့ကြောင့် ဂိုမက်ဇ်သည် ၂၀၁၄ ခုနှစ်အထိ ဗီဂန်အသင်းတွင် ဆက်လက်ရှိနေဦးမည်ဖြစ်သည်။ ယခင် ဘာစီလိုနာလူငယ်အသင်းကစားသမားဟောင်း ဂိုမက်ဇ်သည် ၂၀၀၉ ခုနှစ်က အက်စပန်ညိုအသင်းမှ ဗီဂန်အသင်းသို့ ပြောင်းရွှေ့လာခဲ့ပြီး ယခုနှစ်ဘောလုံးရာသီအတွင်း လေးဂိုးသွင်းယူနိုင်ခဲ့သည်။

ဗီဂန်နည်းပြရော်ဘတ်တိုမာတီနက်ဇ်က ဂိုမက်ဇ်အနေဖြင့် အခြားကလပ်အသင်းများ၏ ကမ်းလှမ်းမှုကို ငြင်းပယ်ပြီး ယခုလို မိမိတို့နှင့် ထပ်မံလက်တွဲခဲ့ခြင်းအတွက် ဝမ်းမြောက်ကြောင်းပြောကြားခဲ့သည်။ အင်တာနက်။

ယ နေ့ သ တင်း အ ညွှန်း

အာဆီယံအမွေအနှစ် ဥယျာဉ်ခြောက်ခုအနက် တစ်ခုအပါအဝင်ဖြစ်သည့် အင်းလေးကန်အား ရေရှည်တည်တံ့ရေးလုပ်ငန်းများ အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေး အလုပ်ရုံဆွေးနွေး

ပြည်တွင်းသတင်းစာမျက်နှာ - ၂

AIR KBZ လေကြောင်းလိုင်းသည် ပြည်တွင်းခရီးစဉ်များကို လက်ရှိလေယာဉ်သုံးစင်းအပြင် ထပ်မံရောက်ရှိလာမည့် လေယာဉ်နှစ်စင်းဖြင့် ပွင့်လင်းရာသီအမီ တိုးချဲ့ပျံသန်းပေးမည်

ပြည်တွင်းသတင်းစာမျက်နှာ - ၅

မြန်မာနိုင်ငံတော် ဗဟိုဘဏ်မှ ထိန်းကျောင်းမှုရှိသည့် နှုန်းရှင်ငွေလဲနှုန်းစနစ် စတင်ကျင့်သုံး

ပြည်တွင်းသတင်းစာမျက်နှာ - ၆

ပေါ့စ်ကိုစတီးလ်ကုမ္ပဏီ စက်ရုံတည်ဆောက်ရေး သဘာဝပတ်ဝန်းကျင်ခွင့်ပြုမိန့် အိန္ဒိယရပ်ဆိုင်း

နိုင်ငံတကာသတင်းစာမျက်နှာ - ၄